စကားအရာ၊အဖြာဖြာနှ၊သိမှာစေမှု။
အခြေပြုသည်။ဥပမာ-ဥပမေယျ။ရေ့ဇဝံသာ၊စည်
လာထုံးပုံ။ဥဒါဟရဏ်အသီးသီး၊စကားကြီး-၁၀-ပါး၊
စကားငယ်-၉၀။လေးဆယ်နည်းနာ၊ ဥပစာနှင့်၊အလင်္ကာ။
ပေါရာဏ၊သုဘာသိတ။ပိယသမ္မာ၊မေမြာလေးရပ်၊
သံလွှတ်၊သံလွှင့်၊သံရင့်၊သံညှင်း။သံပြင်း။
သံရပ်။သံဖြတ်၊သံနုတ်၊သံငုပ်၊
သံပေ၊သံငေါ၊သံတန်း၊
တခန်းလျှာဖြင့်၊
အပွင့်၊အပိတ်၊အလိပ်၊ —
အဖြန့်၊အဆန့်၊အကွေး၊လေပြေး၊
လေထုတ်၊လျှာလုပ်-လျှာလိပ်၊လျှာပိတ်၊
လျှာထား၊အပါးပါးတို့တွင်၊တပါးအဝင်ဖြစ်ကုန်သော

# ဦးကျော်ရင်-မြန်မာစကားပုံကျမ်း

ရှိဇွတြို-မူပိုင်စာအုပ်။

ပဌမနှိပ်ခြင်း-စာအုပ်ရေ(၃၀၀၀)။

S.P.B. Press, Mandalay.

1 9 1 2.

အဘိုး-၄-ပဲ။

pdf creator - Wanna Soe

ပုံနှိပ်လုပ်ဆောင်သည့်

# နိဒါန်း

ဇ-ဓ°-သံ-နှ၊ ။ဇေယျတု-သဗ္ဗမင်္ဂလံ။

သုဘာသိတ။ပိယ-သစ္စ။ဓမ္မ-ဝါစာ၊ ကောင်းစွာ-ချစ်ဘွယ်၊ အကယ်မှန်စွာ။ယှဉ်ရာတရား။စကားအရာ၊ အင်္ဂါလေးတန်၊ဆိုရန်နှစ်ဖြာ၊ မှန်ရာ-ကျိုးရှိ၊ လိုက်နာဘိလျက်၊ စကားပရိယာယ်။ သွယ်သွယ်ဥပမာ။ နည်းနာထုံးပုံ၊ အလုံးစုံကို၊ ဥဿုံကြွေပွန်၊ ပညာဝန်အစက်။ဖြစ်ကြီးဖြစ်အောင်၊ရွက်ဆောင်မှတ်သားထိုကုန်ကြသော။သုတကာမ၊သုတေသန၊သတိဋ္ဌိတ-ပုဂ္ဂိုလ်တို့အကျိုးငှါ၊မန္တလာဝေဘွ။ကြဋ္ဌန်းမြေတွင်၊ကြက်သရေမင်္ဂလာ။ ဂုဏ်မျိုးဖြာလျက်၊သာသနာ့ဘက်။ပြည်ရွာဘက်နှိုက်၊ ဆောင်ရွက်အားထုတ်၊မဟာသဘာဟ။ကြိုးလုလ္လဖြင့်၊သမါဂမ။မိတ္တကလျာ၊အဖြာဖြာတို့နှင့်၊ကောင်းစွာဆက်ဆံနေထိုင်ရင်းရှိပါသော၊ မန္တလေးမြို့။ဗုဒ္ဓဘာသာ-သာသနာပြုအသင်း။အကြီးဥက္ကဋ္ဌဖြစ်စီတင်၊ ပင်စင်အငြိမ်းစား ပညာဒရုပ်၊ မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းလူကြီး၊ကန်တုန်မင်မြို့တွင်း။ စစ်နယ်ဆိုင်ရာ။ကော်မတီလူကြီး၊ အကျဉ်းထောင်ဆိုင်ရာအရာရှိ။အထက်မြန်မာနိုင်ငံ-ဗဟိုဘဏ်ထိပိတက်အသင်း။ဒုတိယဥက္ကဋ္ဌချယ်ရာမင်း။ပုဏ္ဏားပညာရှိ။မြန်မာပညာရှိတို့အသင်းဝင်။အေ-တီ-အင်၊အမှုထမ်းကောင်း ဆွေတံဆိပ်ရ။ပဥ္စမတန်းသူကောင်းဖြစ်၊ ရာဇဝတ်တရားသူကြီးမင်းဦးကျော်ရန်သည်။ပညာရေးဌာနတွင်၊ အမှုထမ်းဆောင်စဉ်အခါကစ၍၊ နှစ်-ထ-ရှည်ကြာ၊ ကောင်းစွာမှတ်သား၊ ပေါင်းရုံ၍တားအပ်သော။မြန်မာစကားပုံ။ပုဒ်ရေ( ၁ ၁ ၄ ၃ )ကို။မြန်မာ ၁၂၇၄-ခု။ကဆုန်လဆန်း(၁)ရက်။အင်္ဂလိပ်-၁၉၁၂ ခု။ဧပြီလ (၁၆)ရက်နေ့တွင်၊ပဥ္စမအကြိမ်စာအုပ်ရေ( ၃၀၀၀ )စက်တင် ပုံနှိပ်လုပ်ဆောင်အပ်သတည်း။

# ဦးကျော်ရန်–မြန်မာစကားပုံကျမ်း၊

နမောတဿဘဂဝတော၊အရဟတော၊
သမ္မာသမ္ဗုဒ္ဓဿ။ ။

( အ )

၁ အငှါးရား၊အပူလာသည်။
၂ အက–မတတ်လို့၊ဖျာမကောင်း။
၃ အကောင်းကြီးသော နေ့ရာခွင့်မတည်းရာ။ မမြော်မြင်းသော
နေ့ရာခွင့်မပြုရာ။
၄ အကျိုးစားသန်လျှင်၊ရန်ဖြစ်သည်။
၅ အကျည်းတန်၊မှန်ကြိုက်၊အဆင်းတန်–မှန်ကြိုက်။
၆ အကျယ်အကျယ်မငြိမ်းဘွယ်။
၇ အကြီးကြီးက၊ပျက်စီးတတ်သည်။
၈ အကြံကုန်၊ဂဠုန်ဆားချက်။
၉ အကြမ်းမှုကို၊အနူးနှင့်သာအောင်စေရာသည်၊
၁၀ အကြောင်းတော်လျှင်၊တောင်ပေါ်ကြီးကရေစီးသည်၊
၁၁ အကြောင်းသင့်၊ထနောင်းပွင့်။
၁၂ အကျိုးလိုယောင်၊ရှုပဆောင်၍၊ပျက်အောင်ကြံသည်။
၁၃ အကျိုးလိုလို–ညောင်ရေလောင်း၊ပတ်ထမ်းတွေ့။
၁၄ အကွပ်မရှိသောကြမ်း၊ပရမ်းပတာ၊
၁၅ အခိုင်ဖွလည်း၊အဖိုးဖွရှိမှတင့်တယ်သည်။
၁၆ အချပ်ကြီးက၊အမျက်ကြီးသည်။
၁၇ အချစ်လွန်သော်၊အတင့်ရဲသည်။

၁၈ အချိန်ကာလ-ထိုးနှ ့်ံ၊

၁၉ အချိန်ရှိခိုက်-လုလ္လပိုက်။

၂၀ အချိန်လွဲမှ။ခဝပ္ပင့်သည်။

၂၁ အချိန်လွန်က။ဖြန့်မရ။

၂၂ အချုပ်နှင့်သက်သေ၊သဝေမခြား။

၂၃ အငိုလွယ်လျက်၊အရှိုက်ခက်။

၂၄ အစရှိ-အနောင်အနောင်၊

၂၅ အစားအသောက်။ မိုးထိုတောက်။

၂၆ အစိုးရအမှုထမ်း။ကမ်းနားသစ်ပင်ထို၊

၂၇ အဆေးမစင်၍။အဆွေးမ ရှင်သည်ကို၊ မထေးမကြင်ဖြ
ကာ။နောင်တ-ရှိတတ်သည်။

၂၈ အဆင်းတန်၊စကားတန်ထွက်သည်။ အကျည်းတန်
စကားတန်ထွက်သည်။

၂၉ အဆင်မတတ်လျှင်-မလှ။အငင်မတတ်လျှင်-မရ။ ။ဝ
ပုံကား။ ။အဆင်မတတ်လျှင်-ဆန်းလျက်နှင့် မလှ။
အငင်မတတ်လျှင်-ပန်းလျက်နှင့်မရ။

၃၀ အဆိပ်ပင်-ရေလောင်းသထို။

၃၁ အခိုးလုပ်-အယုတ်ဖြစ်သည်၊ အကောင်းကျင့် အမြင့်
ဖြစ်သည်။

၃၂ အတူမြင်အတတ်သင်။ ။တပုံ၊ ။အတူမြင်က-အတတ်ရ၊

၃၃ အတတ်ကြူး၍-ဘီလူးဖြစ်သည်၊

၃၄ အတတ်များ။စွ။မခံရ။

၃၅ အတိုက်ကိုလိုမှု-ဖြတ်။အရှည်ကိုထိုမှု-ဆက်။

၃၆ အထီးဆို-ယင်ဖိုမှ။မနားစေရ၊

၃၇ အထီးထေ-အမနောက်။အသီးကြွေအပင်အောက်၊

၃၈ အထိမ်းမရှိထဲ့ချည်ခင်ထို။

၃၉ အနာမခံက၊အသာမစံရ၊

၄၀ အနာပုန်းလည်း-သေသည်၊ကြွေးပုန်းလည်း၊ကြေသည်။

၄၁ အနုဂါးရော။ရင့်မှာတကျိပ်။

၄၂ အနှစ်မရှိသည့်တောမှာ။ကြက်ဆူပင်မင်းမူသည်။

၄၃ အပင်စစ်-အမြစ်မြေကာ။

၄၄ အပုပ်ကောင်ရှိထို-လင်းတဝဲသည်။

၄၅ အပျက်ပျက်နှင့်-သွေးထွက်သည်။

၄၆ အပျိုချော-သီပေါ၊မြင်းချော-သိန္နီ။

၄၇ အပြောကောင်းပါရွဲ-အလာနှောင်းသည်။

၄၈ အပွေးမြင်အပင်ထိ။အသွေးမြင်အသွင်သိ။

၄၉ အဘကျွဲကျောင်း၊သားမြေးနွှောင်း။

၅၀ အဘထက်-သားတလကြီး။

၅၁ အတိုးမသေ။မြေးသေအမွေမရ။

၅၂ အမာကိုဆပ်ပြာရေထိသထို။

၅၃ အမာရှိရာကိုထိက။နာတတ်သည်။

၅၄ အမိမဲ့သား။ရေနည်းငါးကဲ့သို့။

၅၅ အမေကိုမြင်လျှင်-ငိုချင်သည်။ပဲလဝါကိုမြင်လျှင်-ရယ်
ချင်သည်။

၅၆ အမေ့မောင်ကို။အစ်မမှတ်သည်။

၅၇ အမေ့လက်မှန်းမသိ။အဘလက်မှန်းမသိ။

၅၈ အမေးကျွဲကျောင်း။အဖြေဘုရားလောင်း။

၅၉ အမောင်လည်း ရောက်၏။ ငါ့နွားလည်းပျောက်၏။ အ
မောင့်ကိုနွားခိုး။ငါမထိုး။

၆၀ အများတကာ ဝွန့်တဲ့မစင်။ ပုဏ္ဏန်ဆိတ် ခေါင်းမှာ တင်
သည်။

၆၁ အမျက်ကြီးက-အဖြစ်သည်းသည်။

၆၂ အမျက်ကြီးက-ပျက်စီးသည်။

၆၃ အမြင်သာနိုး၍-ခရိုးဝေးသည်တောင်။အပင်သာကြီး၍
အသီးသေးသည်ညောင်။

၆၄ အမြစ်ရင်းတက်။အခက်မဝေရာ။

၆၅ အမှုပြီးနောက်မှ၊နှောင်တရသည်။
၆၆ အမှုမတန်ဟင်းမငန်၊အမှုတန်မှဟင်းငန်သည်။
၆၇ အမှုသည်ကိုရှောင်၊ရှေ့ဆောင်ကိုစွဲ၊
၆၈ အမှားပင်မြင်သော်လည်း၊အဖြစ်တင်မဦးစေနှင့်။
၆၉ အမှိုက်ကစပ်၊ပြာသာဒ်မီးလောင်။
၇၀ အမှိုက်ကိုရလျှင်ကန္တတ်၊ရတနာကိုရလျှင်အထွန့်။
၇၁ အယုတ်မိမ်းလျှင်နတ်စိမ်းဖြစ်သည်။
၇၂ အရသာဆယ်ပါးဆားလည်းမရှိ၊ပျက်သိသိ။
၇၃ အရှုံး အရှုံးနှင့်၊အိမ်ဦးမှာမစင်စွန့်သည်။
၇၄ အရေးကောင်း၊ဒိန်းဒေါင်းဖျက်။
၇၅ အရေးကြီးလျှင်၊ အပြီးကျအောင်၊ မိန်းမကို တိုင်ပင်ရာသည်။
၇၆ အရေးမရှိလျှင်၊အရာမထင်၊
၇၇ အရေးရောက်က၊အကြံပျောက်သည်၊
၇၈ အရေးရှိမှ၊အရာပေါ်သည်။
၇၉ အရောဝင်၊အရိုသေတန်သည်။
၈၀ အရင်ငယ်ပြီးမှ၊အကြီးဖြစ်ရာသည်။
၈၁ အရပ်ကောင်းမှ၊အလောင်းလှသည်။
၈၂ အရပ်ရှိမှ၊အရိပ်ထွက်သည်။
၈၃ အရိပ်ကိုလှမ်းတတ်သည်။
၈၄ အရိပ်ခိုကိုး၊အခက်ကိုချိုး။
၈၅ အရိုးကို၊အရွက်မဖုံးစေရာ၊
၈၆ အရိုးပျောက်၊အခေါက်ဆွဲ၊
၈၇ အရှက်ရှိမှ၊အကြောက်ရှိသည်။
၈၈ အရှင်ရေး လည်းရ၊ ကိုယ်ရေး လည်းလှ၊ ကျွန်ကြေး လည်း-ဝ၊
၈၉ အရှင်လည်းမြင့်၊ကျွန်လည်းတင့်။
၉၀ အရှင်လည်းယာစ်၊ကျွန်လည်းယာစ်၊အဖြစ်မဆိုသာ၊

၉၁ အရှင့်အာဏာ။ ကျွန်မှာတည်စေ။

၉၂ အလာကောင်းလျှင်တရက်။ အရာကောင်းလျှင်တချက်။

၉၃ အလိုကြီးက။ အရနည်းသည်။ အလိုသည်းက။ အရနည်းသည်၊ အရနည်းသော် လက်ချည်းဖြစ်သည်။

၉၄ အလိုနည်းက၊ အရများသည်။ အလိုနည်းက အရသည်းသည်၊

၉၅ အလိုရှိတုံးပေါင်းမှ။ မိတ်ကောင်းမှန်သည်။

၉၆ အလိုလိုက်။ အမိုက်စော်ကား။

၉၇ အချော်မြင်လျှင်။ အစင်ပြန်စေ

၉၈ အလျှင်လိုရှ်။ အနှေးဖြစ်သည်။

၉၉ အလှူရဲ။ မင်းဝေသန်။

၁၀၀ အလှူရှင်မှန်းသိအောင်။ မထွာပ်တိုင်ကိုတက်သည်။

၁၀၁ အလှမ်းကျယ်လို့။ အလယ်လပ်သည်။

၁၀၂ အဝတ်တထည်။ ကိုယ်တခု။

၁၀၃ အဝင်ကျုံသော်။ အထွက်ခက်သည်။

၁၀၄ အသိခေါက်ရက်။ အဝင်နက် မသိခေါက်ရက်အဝင်နက်။ (မသိခေါက်ရက်အဝင်နက်သို့။ ' ။ ပါရမီတော်ခန်းပျို)

၁၀၅ အသီးတရာ၊ အညွှာတခု။

၁၀၆ အဆံသာထန်၍။ အဆန်မပါသော။ သကြံန်အမြောက်ကဲ့သို့။

၁၀၇ အသက်ကို။ ညာဏ်စောင့်သည်။ ဥစ္စါကိုကံစောင့်သည်။

၁၀၈ အသက်ကြွင်းလျှင်။ အရင်းပြန်သည်။

၁၀၉ အသက်တရာမနေရ။ အမှုတရာတွေ့ရသည်။

၁၁၀ အသက်မွေးမှုတခုခု။

၁၁၁ အသက်လေးဆယ်၊ မိန်းပြယ်။

၁၁၂ အသစ်သေအောင်ကောင်းသော်လဲ၊ အဟောင်းကို မမေ့နိုင်။

၁၁၃ အသိဝန်ဘုန်းကြီးလို့၊ ပါနောက်က-ခြေကြွသည်။

၁၁၄ အသွားတတိုင်ရှိက။ အပြန်တတိုင်ရှိသည်။

၁၁၅ အသွားမတော်တလှမ်း။အစားမတော်တလုပ်။
၁၁၆ အသွင်မတူ၊အိမ်သူမဖြစ်။
၁၁၇ အောင့်ကာလိအာ။
၁၁၈ အားမတန်၊မာန်ကိုလျှော့။
၁၁၉ အကျွရာတလုံး၊ဘုရားတဆူ။
၁၂၀ အစ်ကိုကြီး-အဘ၊အစ်မကြီး-အမိ။
၁၂၁ အစ်တချောင်းကို၊ဦးပဲ့ထမ်းသည်။
၁၂၂ အပ်ပျောက်လျှင်၊ဆင်စီး၍ရှာ၊ဆင်ပျောက်လျှင်၊ဆန်ခါ
နှင့်ချ၍ရှာ။
၁၂၃ အိပ်ကြူးသောနွား၊အစါရှား၊အိပ်ကြူးသောမြင်း၊ ရေ
မြက်ကင်း၊အိပ်ကြူးသောသူရောဂါရှေး။
၁၂၄ အိပ်ခါနိုးအကြံရ။
၁၂၅ အိပ်ရပါ၊ငိုက်သလောက်မှမကောင်း။
၁၂၆ အိပ်ထိုရဟန်းလုပ်၊စားထိုပုဏ္ဏားလုပ်။
၁၂၇ အိပ်သောသူကို၊မနှိုးစေရာ၊ထိုင်သောသူကို၊ မထစေရာ။
၁၂၈ အိပ်သော်တရေး၊ကိုက်ျူးပေး-တရေးနိုးသော်၊ အကြံ
ပေါ်၊ပေါ်သည့်အကြံတဘိန်းတန်။
၁၂၉ အိမ်ကြီးလျှင်မိုးစာ၊ကျောင်းကြီးလျှင်၊သံသရာ။
၁၃၀ အိမ်တခဆောင်၊မိုးတပြောင်။
၁၃၁ အိမ်ထောင်မကျ၊သားမိန်းမအား၊မြင့်ရှည် ထားသော်၊
မောင်ဘားမိဘ၊ထိမ်းရခဲ၊အရှက်ကွဲသည်၊ ၊ကိုး
ခန်းပျို။
၁၃၂ အိမ်နီးချင်းကောင်းမှ၊လင်ကောင်းရသည်။
၁၃၃ အိမ်ရှေ့ပူ၊အိမ်နောက်မချမ်းသာ။
၁၃၄ အိမ်သာမှ၊ဧည့်လာသည်။
၁၃၅ အုပ်ရှစ်တတင်း၊နှမ်းတတင်း။
၁၃၆ အောင်သွယ်ကောင်းက၊အကြောင်းပါသည်။
၁၃၇ အိုးကမပူ၊စလောင်းပူသည်။

၁၃၈ အိုးကွဲ။ချိပ်ပါ။
၁၃၉ အိုးတလုံးဖျို့တချပ်။
၁၄၀ အိုးထားအိုးချင်းထိ၊ ကြိုးထားကြိုးချင်းညှိ။
၁၄၁ အိုးခွဲ့လျှင်။စလောင်းခွဲ့နှင့်ဝိတ်ရမည်။

(ဥ)

၁၄၂ ဥဩတခွန်း။ယင်တဖွန်း၊
၁၄၃ ဥဩတွန်စ။တန်ခူးလ၊အင်းဝဖျက်သည်၊
၁၄၄ ဥဩမြည်။ကုန်းပေါင်တည်သည်။
၁၄၅ ဥကိုလို၍။ကြက်မကိုဆန်ကျွေးသည်၊
၁၄၆ ဥတလုံးမျိုးဖြစ်၍။ချစ်ခင်ကြင်နာခြင်းနည်းသည်၊
၁၄၇ ဥပါဒါန်ကြောင့်။ဥပါဒ်ရောက်သည်။
၁၄၈ ဥပန်းယောင်ယောင်။ဖော်င်းယောင်ယောင်၊
၁၄၉ ဥက္ကံသုံးဆယ်။အပျိုချောပါတဲ့၊လှိုင်ဘောလယ်၊
၁၅၀ ဥစ္စာကံပေး။မရသေး။နှောင့်နှေးဈာပါမရှိရာ။
၁၅၁ ဥစ္စာကိုလိုလျှင်၊အမှိုကောင်းကိုရှာ၊
၁၅၂ ဥစ္စာတခါပျောက်။ငရဲခယ်ခါရောက်၊ သို့မဟုတ်။ ဥစ္စာ ပျောက်။ငရဲရောက်။
၁၅၃ ဥစ္စာထုပ်ကိုလု။ကုပ်ကိုထု။
၁၅၄ ဥစ္စာပျောက်။တယောက်ယူနိုး၊ သို့မဟုတ်၊ ဥစ္စာပျောက် တယောက်ယိုး။
၁၅၅ ဥစ္စာမရှိ။ဂတိမတည်။
၁၅၆ ဥစ္စာဆိုလျှင် ခဲခက်ရမည်။ မင်းဖြစ်လိုလျှင်။ရက်စက် ရ မည်။
၁၅၇ ဧစေဆို၍တရားနာ။ပူဇာစနှင့်ဖြား၊

(က)

၁၅၈ ကကြီးကခွေး။အိမ်ကိုမြေး၊အမြေးမတတ်၊ထမင်းငတ်၊

၁၅၉ ကတွတ်ဝမှာ။မျှိုင်းစောင့်သလို။
၁၆၀ ကရွတ်ကင်းလျှောက်။
၁၆၁ ကလေးရှက်လျှင် ငိုသည်။ လူကြီးရှက်လျှင် ရယ်သည်။
၁၆၂ ကလိမ်စေ့ကို၊ပြွမ်းဆင်သည်။
၁၆၃ ကိလေသာမီး အရှိန်ကြီး၍၊ မရိုးနှင့်–မတ်၊အားနာတတ်
သည်။
၁၆၄ ကုရင်သင်တိုင်းဖွပ်။
၁၆၅ ကုလားမနိုင်၍၊ရခိုင်ကိုမဲသည်။
၁၆၆ ကုလားခပ်တဲ့ရေ၊ကုလားခြေဆေးလို့ကုန်သည်။
၁၆၇ ကုလားသခင်၊ကရင်ဘုရား၊မြန်မာအလကား။
၁၆၈ ကုသိုလ်တပဲ၊ငရဲတပိဿာ။
၁၆၉ ကုသိုလ်ဟူက၊ယူတတ်လျှင်ရသည်။
၁၇၀ ကူဘော်လောင်ဘက်။
၁၇၁ ကံ့တော့ဆွမ်းလောင်းသလို၊
၁၇၂ ကံမကူလျှင်ညှိုးငယ်စွ၊ကံပင်ကူမှကိုးကွယ်ရ။
၁၇၃ ကံမကောင်း၊အကြောင်းမသင့်။
၁၇၄ ကံသာအမိ၊ကံသာအဘ။
၁၇၅ ကင်းခြေများ၊ခြေတချောင်းကျိုးလို့၊အသွားမပျက်။
၁၇၆ ကပ္ပလိက၊ဓေဝိကိုပြယ်သလို။
၁၇၇ ကမ္ဘာဦးသူတို့၊နေနှင့်လကိုတောင့်တသကဲ့သို့၊
၁၇၈ ကမ္ဘာကြေ၍၊ဥဒါန်းမကျေ။
၁၇၉ ကမ္ဘာနှင့်၊မြေဇာ၊
၁၈၀ ကမ္ဘာမီးလောင်ရာ၊ဆီမီးခွက်တောက်သလို။
၁၈၁ ကမ္ဘာမီးလောင်၊သားကောင်ကိုနှင်းရသည်။
၁၈၂ ကမ္ဘာလဆန်းတရက်နေ့က၊ကြားရသည့်သတင်း။
၁၈၃ ကုန်နှင့်လဲသည့်၊ကျွန်ကိုပိုင်စေ၊
၁၈၄ ဂုံးစကားမျှကို၊တရားမအောင်စေရာ။
၁၈၅ ကောက်နှောင်းဆင်စာ၊သားနှောင်းကျွန်ရာ။

၁၈၆ ကောင်းကင်ကဌက်။မြေတက်ကထိုက်၍ဘမ်းသည်ဆို။
၁၈၇ ကိုင်းတောဆင်စား။ရွှက်ဖျားသာကုန်မည်။
၁၈၈ ကိုယ်ကကျူး။ကိုယ်နူးမှမယုံသာ။
၁၈၉ ကိုယ်ကောင်းချောင်။ခေါင်းမရွေ့။
၁၉၀ ကိုယ်စိဝန်ထမ်း။
၁၉၁ ကိုယ်နှင့်ထပ်တူ။ကိုယ်ပင်ဟူ။
၁၉၂ ကိုယ်မချို။အမိသော်လဲ၊သားတော်ခဲ။
၁၉၃ ကိုယ်မချိုအမိသားကိုမထားနိုင်။
၁၉၄ ကိုယ်မဏှကိုယ်မမြင်။သူမဏှကိုယ်ရယ်ချင်။
၁၉၅ ကိုယ့်ကိုယ်ကိုယ်ဖေါ်သူတော်ရှနစ်ပါး။
၁၉၆ ကိုယ့်မေခါရှိမှ၊သူ့မေခါရှိသည်။
၁၉၇ ကိုယ့်ရူးကိုယ်ပတ်သည်။
၁၉၈ ကိုယ့်ဝမ်းနာ။ကိုယ်သာသိ။
၁၉၉ ကျတိုင်းလည်း။ကုန်း၍မကောက်နှင့်။ ရတိုင်းလည်းသုံး
၍မဖျောက်နှင့်။ကျတိုင်းကုန်း၍ကောက်က၊ လူရယ်
သည်။ရတိုင်းသုံး၍ဖျောက်က။ပြူလွယ်သည်။
၂၀၀ ကျ-မကောက်။ပျောက်မရှာ။
၂၀၁ ကျီးကန်းတောင်းမြောက်မိသလို။
၂၀၂ ကျီးကိုဘုတ်ရိုသေ။ဘုတ်ကိုကျီးရိုသေ။
၂၀၃ ကျီးတောင်ကို၊ကျီးကောင်ဖြစ်အောင်လုပ်သည်၊
၂၀၄ ကျီးသာထို့ညှော်ထသည်။
၂၀၅ ကျေးဇူးမတင်။လင်မရ။ကျေးဇူးတင်မှလင်ရသည်။
၂၀၆ ကျေးဇူးရှင်ကို။ကြေးစွပ်သည်။
၂၀၇ ကျေးဇူးရှိလို့။ကြေးစွပ်နိုင်သည်။
၂၀၈ ကျောကသားသား။ရင်ကသားသား။
၂၀၉ ကျောကျမှ။ဒါးမြမှန်းသိသည်။
၂၁၀ ကျားကို ကြောက်လို့ ရှင်ကြီးကိုး။ရှင်ကြီး ကျားထက်
ဆိုး။

၂၁၁ ကျွားကိုက်ခါနီးမှ၊တုတ်ချတ်သည်။
၂၁၂ ကျွားကိုက်ပါတယ်ဆို၊ နွားတဘာ့ရှည်လားဟု မေးသည်
၂၁၃ ကျွားဖိနပ်တွယ်တွယ်သည်။
၂၁၄ ကျွားမရဲတစ်သည်။လူမရဲပြာစ်သည်။
၂၁၅ ကျွားရဲရာ-ကြွက်သွမယိုး(သာ-သင့်။)
၂၁၆ ကျွားသနားမှ၊နွားချမ်းသာမည်။
၂၁၇ ကျွားသေမှ၊ရှူစွမ်းကောင်းပေါ်သည်။
၂၁၈ ကျွင်ပြောရေငတ်။
၂၁၉ ကျည်ပွေ့ထရံယက်-စကားပြောသည်။
၂၂၀ ကျွယ် လျှင်ကားချွဲ။ ပဲ့လျှင်ဖွဲ့။ ကြွတ်လျှင် သတ်ပစ်
ချောင်လျှင်ထွင်း။
၂၂၁ ကျိန်စာဝ။လူလှ၊
၂၂၂ ကျောက်ချော။ရေသွင်းမဝင်သလို၊
၂၂၃ ကျောက်စောင်းထက်။ရေစောင်းထက်သည်။
၂၂၄ ကျောင်းမှာခင်ကြီး။မင်းသမီးရန့်န့်း။
၂၂၅ ကြာကိုမြင်က။ရေကိုသိ။မြက်ကိုမြင်က။မြေကိုသိ။
၂၂၆ ကြာကြာဝါးမည့်သွား၊အရိုးကိုရှောင်ရမည်။
၂၂၇ ကြာနှင့်ရေ။ကြွနှင့်မြ။လနှင့်နေ၊
၂၂၈ ကြီးစကားကိုငယ်စေရာသည်။ငယ်စကားကို ပစေရ
သည်။
၂၂၉ ကြူပင်ခုတ်။ကြူငုတ်မကျန်စေနှင့်။
၂၃၀ ကြေးနှင့်ဆိုင်။ကျွန်ပိုင်၊
၂၃၁ ကြေးနှင့်ရွှေ၊ဂဟောလက်ချားဖြင့်မစပ်နှင့်။
၂၃၂ ကြွက်ကိုအမြစ်၊လူကိုအချစ်။
၂၃၃ ကြွက်ကိုအရိုး။လူမှာအမျိုး။
၂၃၄ ကြွက်မ၊ တွန်၍ မိုးမလင်း။ ကြွက် ဘတွန်မှ။ မိုးလင်
သည်။
၂၃၅ ကြွက်မရဲစောင်သလို။

၂၃၆ ကြောက်တတ်လျှင်။ ဝန်ကင်းသည်။
၂၃၇ ကြောက်ပါတယ်ဆို။ ကြောင်နှင့်တို့သည်။
၂၃၈ ကြောင်အမြီးသိုသလို။
၂၃၉ ကြောင်ကြီးကျား။ ဖွတ်ကြီးမိကျောင်း၊ ဓာတ်ဝင်သည်၊
၂၄၀ ကြောင်မရှိလို့၊ ကြွက်မြူးသည်။
၂၄၁ ကြောင်လက်သည်းဖွက်သလို။
၂၄၂ ကြောင်သူတော်ကဲ့သို့မကျင့်ရာ။ ဝံသူတော်ကဲ့သို့၊ ကျင့်ရာသည်။
၂၄၃ ကြောင်သူတော်ဟုဆို၍၊ ယိုတော့။ ကြွက်မွေးပါသည်။
၂၄၄ ကြောင်သားသယ်သလို။
၂၄၅ ကြိုးမှာကျစ်တွန့်တက်လျှင်ပြတ်သည်။
၂၄၆ ကွမ်းတရာညက်။ ဆေးတဆုံကျွမ်း။
၂၄၇ ကွမ်းသီးကြိုက်တောင်ငှူမို့။
၂၄၈ ကျွဲကူးရေပါ၊
၂၄၉ ကျွဲနှစ်ကောင်ခတ်လျှင်၊ မြေဇာပင်ကြေသည်၊
၂၅၀ ကျွဲပါးစောင်းတီး၊
၂၅၁ ကျွဲမှာချိုသိမ်၊ လူမှာနံ့ပိန်။
၂၅၂ ကျွန်၏လက်မှာ။ ရွှေတရာပင် သီးသော်လည်း။ သခင်သာပိုင်ထိုက်သည်။
၂၅၃ ကျွန်ရတ်ဖြစ်သည့်။ သရက်စေ့ထို။
၂၅၄ ကျွန်နှင့်သူကောင်းအတူပေါင်း။ သူကောင်း ကျွန်စော်နံသည်၊
၂၅၅ ကျွန်ပေါင်တခွ။ ကျွဲမှာတခြီ။
၂၅၆ ကျွန်ဖွတ်။ ကျွန်လိပ်။
၂၅၇ ကျွန်ယုံတဘက်ကန်း၊ သားသမီးယုံ ရုံလုံးကန်း။
၂၅၈ ကျွန်းကိုင်းမှီ။ ကိုင်းကျွန်းမှီ။
၂၅၉ ကြွေတလက်၊ ကြွက်တချန်။
၂၆၀ ကြွေးစားမပိုင်။ ကြွေးထိုင်မြီမကင်း။

၂၆၁ ကြွေးထူလျှင်မပူနိုင်။ စန်းများလျှင်မယားနိုင်၊
၂၆၂ ကြွက်ကိုကြိုး၍။ ကျီကိုပိုးရှိသည်။
၂၆၃ ကြွက်သေတခုအရင်းပြု။
၂၆၄ ကြွယ်ထိုက်ရန်သွယ်လယ်ရောပ်။

---

(ခ)

၂၆၅ ခရီးသွားဘုံထိုး။
၂၆၆ ခရုမှာလဲအဆန်နှင့်။ လူမှာလဲအကြံနှင့်၊
၂၆၇ ခရေးစေ့တွင်းချ။
၂၆၈ ခလုတ်ထိမှ။ အမိတသည့်။
၂၆၉ ခါချဉ်ကောင်။ မာန်စောင်ကြီး၍၊ တောင်ကြီးကို ရွှေ့မည်ကြံ။ ခါးကမသန်။
၂၇၀ ခုနစ်အိမ်တအိမ်ရန်း။
၂၇၁ ခရုပ်မှနောင်ရှင်းသည်။
၂၇၂ ခဲမှန်ဘူးသောစာသူငယ်လို။
၂၇၃ ခံထိးထောင်းကောင်းပါရွဲ၊ ဆုံကျိန်းလှသည်။
၂၇၄ ခနွါပင် ပျက်သော်လည်း၊ ဂုဏ်ကြွက်သရေ တကမ္ဘာ တည်သည်။
၂၇၅ ခန်းဝင်ဥစ္စာမနေသာ။
၂၇၆ ခုတ်ရာတခြား။ ရှရာတလွဲ။
၂၇၇ ခေါင်းတလုံးရေအိုးနှစ်လုံးမရွက်နိုင်။
၂၇၈ ခေါင်းတုံးပေါ်မှာထိပ်ကွက်သည်၊
၂၇၉ ခိုးစားအတူ။ ယူစားအမျှ။
၂၈၀ ခိုးစားခွေးဟောင်၊ လုပ်စားမိုးဖော်ခေါင်။
၂၈၁ ခုံကြူးခုံတာ။ ရွှေနေကြူး ရွှေနေတာ။ မင်းစေကြူးမင်းစေတာ။
၂၈၂ ခုံဘိနပ်ကာ။ နတ်စကားပြောသည်။

၂၈၃ ချော်လဲ၍ရောထိုင်သည်။
၂၈၄ ချက်ထနဲကြြားလျှင်။နားခွက်ကမီးတောက်သည်။
၂၈၅ ချင်းစိမ်းနှင့်။မိဿာလင်။သူကြွင်မှငါကြွင်မည်။
၂၈၆ ချင်းလက်စိန်ရောက်။
၂၈၇ ချစ်စကိုပိုစေ။ရန်စကိုတို့စေ၊
၂၈၈ ချစ်၍ပေးလျှင်။သေသေးကိုမြို့ရာသည်။
၂၈၉ ချဉ်ချဉ်တူးတူး။မူးလျှင်ပြီးစေ။
၂၉၀ ချဉ်သီးနှင့်ဆား-အတူထား။လျှာဖျားဆုမြွေမရချေ။
၂၉၁ ချမ်းစ-တန်ဆောင်မုန်း။ချမ်းတုံး-လပြာသို။
၂၉၂ ချမ်းလျှင်ရေချိုး နှင်းတောတိုး၊အိုက်လျှင်မီးလှုံပုဆိုးခြုံ။
၂၉၃ ချိပ်ဓါတ်ကို။ချော်ဘိသည်။
၂၉၄ ချုပ်နေကြ အပ်-ချေးမကပ်။ ခတ်နေကြ သေ့-သံချေး လျှော့၊
၂၉၅ ငြိမ်းမွမ်းလွှန်းသော်မချောင်။ဖြစ်တင်လွှန်းသော် မကျိုးနွံ။
၂၉၆ ခြေကျွံသော်နှုတ်၍ရလွယ်၏၊ စကားကျွံသော် နှုတ်၍ ရခဲသည်၊
၂၉၇ ခြေချော်လျှင်ချော်စေ၊နှုတ်မချော်စေနှင့်၊
၂၉၈ ခြေတိုလက်တို၊လပြာသို၊
၂၉၉ ခြေနှစ်ချောင်းမကယ်နှင့်၊မင်းဖော်လည်းမဆယ်နှင့်၊
၃၀၀ ခြေမမြဲ၊လက်မြဲပါစေ၊
၃၀၁ ခြေလေးချောင်းသနားက။ခြေနှစ်ချောင်း ပင်ပမ်းသည်
၃၀၂ ခွေးအ-ဘုည်းနင်းမိသထို။
၃၀၃ ခွေးခြေမီးလောင်။
၃၀၄ ခွေးတထောင်မှာ၊မျောက်တကောင်ကျသထို။
၃၀၅ ခွေးနာသောက်ထိုးသထို။
၃၀၆ ခွေးနှင့်ဆိတ်-မိတ်ဖွဲ့ကြ။
၃၀၇ ခွေးနှင့်မျောက်ထို။
၃၀၈ ခွေးဖင်သက်ရောက်။

၃၀၉ ခွေးဘိုးတထောင်၊ ကြောင်ဘိုးတဆိန်း။
၃၁၀ ခွေးမြီးကောက်၊ ကျည်တောက်စွပ်သလို။
၃၁၁ ခွေးရူးနှင့်ခွေးကောင်း။ ဘက်၍ကိုက်လျှင်၊ ခွေးကောင်း ခွေးရူးဖြစ်သည်၊ သို့မဟုတ်၊ ခွေးကောင်းနားရွက် ဖြတ်ခံရသည်။
၃၁၂ ခွေးလမ္ဘိုရှာမရသလို။
၃၁၃ ခွေးလေးခုန်လို့၊ ဖုံမထ။
၃၁၄ ခွေးလိမ္မာအမြီးကုပ်၊ ကျွန်လိမ္မာနောက်ဆုတ်။
၃၁၅ ခွေးသူခိုးလာ၍၊ အိမ်ခွေးအမြီးနှံ့သည်။
၃၁၆ ခွေးဟောင်တိုင်းထကြည့်လျှင်၊ မအိပ်ရ။
၃၁၇ ခွေးဟောင်လို့-တောင်ပို့မပြေး။

---

( ဂ )

၃၁၈ ဂဠုန်ပြည်မှာ-ဂဠုန်၊ နဂါးပြည်မှာ-နဂါး။
၃၁၉ ဂင်္ဂါခွားကျောင်း၊

---

( င )

၃၂၀ ငကန်းသေလျှင်၊ ငစွေပေါ်လာလိမ့်မည်။
၃၂၁ ငစကား-နွားရ။
၃၂၂ ငရဲကြီးမှ၊ ငရဲကလေးကိုနိုင်သည်။
၃၂၃ ငရဲကလာသူ၊ ပြာပူမကြောက်။
၃၂၄ ငရဲပြည်ကိုကျခါမှ၊ ကျောင်းဆောက်ပြန်ပါရစေဆိုသလို။
၃၂၅ ငရုတ်သီးမှန်လျှင်၊ ခုနစ်လံရေတွင်ငုပ်၍စားသော်လည်း စပ်သည်။
၃၂၆ ငလက်တို့နှင့်၊ ငညိုတချက်တည်း။
၃၂၇ ငါငင်၍သူမယီမ်း၊ သူဘိမ်းမှ-ငါပါရချေမည်။
၃၂၈ ငါမွေးသည့်မျောက်၊ ငါ့ကိုချောက်။

၃၂၉ ငါ့သွီးလိမ္မာဟ်တယ်ဆို။ယောက်မမြင်းစီးထွက်သည်၊
၃၃၀ ငါ့သားဟ္မည့်ရာ၊တုံးတင်မှာ။
၃၃၁ ငါးကင်ကိုကြောင်ရသလို။
၃၃၂ ငါးကြင်းဆီနှင့်။ငါးကြင်းကိုကျော်သည်၊
၃၃၃ ငါးခုံးမတကောင်ကြောင့်၊တလှေလုံးပုပ်သည်။
၃၃၄ ငါးခုံးမ-ရအတူတူ။ငါးရူရခွဲခြမ်းခွဲခြမ်း။
၃၃၅ ငါးချဉ်သည်။ငါးချဉ်ကိုမြီးမွမ်းသလို။
၃၃၆ ငါးစိမ်းကိုမြင်လျှင်။ငါးကင်ကိုပစ်သည်။
၃၃၇ ငါးတစ်ကိုသာမြင်၍။ကျော့ကွင်းကိုမမြင်။
၃၃၈ ငါးပိဖုတ်မျက်နှာသာပေးလျှင်၊ ရွှေရေးပုကန်ပေါ်တက်
သည်။
၃၃၉ ငါးပုပ်နှင့်-မြက်၊
၃၄၀ ငါးပျံတလှည့်။ပုံလုံတလှည့်။
၃၄၁ ငါးမှာ-ငါးဖယ်။လူမှာ-ထားဝယ်။
၃၄၂ ငါးသိုင်းများလျှင်-ဟင်းဟုံသည်။
၃၄၃ ငယ်ဦးမှကြီးတတ်သည်။ကြီးလွယ်စေကာ၊ငယ်တတ်စွ၊
၃၄၄ ငယ်ကချစ် အနှစ်တရာမမေ့သာ။ ငယ်ကပေါင်း အနှစ်
တဒေသောင်းမမေ့ကောင်း။
၃၄၅ ငယ်လျှင်လည်းချိုရမှ။ကြီးလျှင်လည်း-မှီရမှ။
၃၄၆ ငှပ်မိသဲတိုင်။ထက်နိုင်ဖျားရောက်၊
၃၄၇ ငိုချင်မျှောက်လက်ဖျားထိ။ဆိုချင်မျှောက်စွက်မှားမိ။
(ပေါက္ကူမောင်ချို)
၃၄၈ ငိုသံကြား-တရားနာ၊
၃၄၉ ငုံးလိုအမြီးမပေါက်နိုင်။
၃၅၀ ငှက်ပျောပင်ဗိုက်။မိထိုက်ဘာပါ။
၃၅၁ ငှက်ပျောလက်ပံပင်တို့မှာ။အနှစ်ရှာ၍မရသလို။
၃၅၂ ငှက်ပျောသီးအခွံနွှာသလိုမလွယ်ပါ၊

## (စ)

၃၅၃ စကားကောင်းမှာ။စကားပေါင်းချုပ်၍ပြောသည်။
၃၅၄ စကားကြီးရှစ်ဆယ့်စကားငယ်ငါးရာ။
၃၅၅ စကားချိုမှ။လူလိုသည်။
၃၅၆ စကားချိုသော်။လူထိုများ၏။စကားကြမ်းမှသော်။ရဟန်း
ပုဏ္ဏားအများရန်းပေရာ၏။
၃၅၇ စကားခြောက်ခွန်းလျှ၍ထွန်း။ လေးခွန်းကိုပယ်၊ နှစ်ခွန်း
တယ်။
၃၅၈ စကားစကားပြောပါများ။စကားထဲကဇာတိပြသည်။
၃၅၉ စကားဆိုထွေနာထိုစေ။
၃၆၀ စကားနည်း။ရန်စဲ။
၃၆၁ စကားနောက်ကို။တရားပါသည်။
၃၆၂ စကားများလျှင်။အမှားပါသည်။
၃၆၃ စကားသစ္စာ။မှန်သောခါကား။ဩဇာလေးနက်၊ ပေါ်ခဲ
တက်၍။ ။နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏၊
(ပါရမီတော်ခန်းပျို။)
၃၆၄ စနေသားမို့စိတ်မြန်သည်။
၃၆၅ စပါးတရာ။သင်ဖျာတချပ်။
၃၆၆ စပယ်ကြူလျှင်ပန်သူကောက်မြဲ။အရွယ်တူလျှင်၊ ကြိုက်
ရောက်မြဲ။
၃၆၇ စပယ်နဂိုရ်လူအိုမရှား။လူကုန်းများသည်။
၃၆၈ စရန်နက်ဆေးဘက်ဝင်သည်။
၃၆၉ စာကလေးတကောင်ကို၊ အတွင်းကြော ပြင်ကြောနှင့်
လျှင်ကုန်သည်။
၃၇၀ စာဘတ်ကြာသပတေး။စာရေးသောက်ကြာ။
၃၇၁ စာမတတ်ဘဲနှင့်။ကြေးကိုင်နှမကိုရေးမိသည်။
၃၇၂ စာမရှိဌက်လို။အမွေးတပင်ကျွတ်မခံ။
၃၇၃ စာသငယ်ကြား။ထင်းတနားသလို။

၃၇၄ စေးမွဲစေးတော့နှာခေါင်းဖေးကို။ငါးပိလုပ်စားသည်။
၃၇၅ စေးမှကပ်သည်။
၃၇၆ စားစရာမရှိ။လျှော်စရာရှိသည်။
၃၇၇ စားစရာလက်တဆစ်၊ပြောစရာမော်ကွန်းဖြစ်
၃၇၈ စားပြီးခွက်မှောက်။
၃၇၉ စားရမည်လည်းသဲနှင့်ရှာ်ရှပ်။ပြစ်ရမည်လည်း။ အသိနှင့်ငွေ့ငွေ့။
၃၈၀ စင်ကောင်းသော်-ဖရုံကောစင်း၏။ အရှင်ကောင်းသော်ကျွန်ကောင်း၏။
၃၈၁ စစ်မြေလမ်းတွင်မှ။ခမည်းခမက်ဘမ်းသည်။
၃၈၂ စိတ်ကြောင့်ကြေ။လက်ကြောင့်သေ။
၃၈၃ စိတ်တင်းကိုယ်မာ။
၃၈၄ စိတ်ထားတတ်လျှင်။မြတ်သည်။
၃၈၅ စိတ်ထောင်းကိုယ်ကြေ။
၃၈၆ စိတ်ပါကိုယ်ရောက်။
၃၈၇ စိတ်ပေါင်းကိုယ်ခွါ။
၃၈၈ စိတ်ပျိုကိုယ်နု။
၃၈၉ စိတ်ဖြေကောင်းလျှင်မကွက်။မိတ်ဆွေကောင်းလျှင် တသက်။( ကျီးသဲဦးကငဲး )
၃၉၀ စိတ်မြောက်တိုင်းလည်း မမှားစေနှင့်။ လူမြောက်တိုင်းလည်းမကြွားလေနှင့်။
၃၉၁ စိတ်သာဒတဟီဟိ။စိတ်မသာတစိစိ။
၃၉၂ စိမ်းနုရောင်နှင့်။နေလောင်မှည့်။
၃၉၃ စိမ်းယောင်မှု၍မှည့်၏။မှည့်ယောင်မှု၍စိမ်း၏။
၃၉၄ စိုင်ကော်၍ချုံပေါ်ကိုရောက်သည်။
၃၉၅ စိုင်သေကိုပြစ်၍၊စိုင်ရှင်ကိုရှာသည်။
၃၉၆ စွပ်သော်အစား။ကွယ်မှာစမ်းပိုး။ခိုးလျှင်အတက်။ယိုးလျှင်စက်။

(ဆ)

၃၉၇ ဆရာကောင်းတပည့်ခံရလွယ်၏၊တပည့်ကောင်းဆရာ ခံရခဲသည်။

၃၉၈ ဆရာကိုရှေ့တွင်၊ အဆွေခင်ပွန်းကိုကွယ်ရာ၊ ကျွန်မှာ လုပ်စည်ပြီးမှမ်းရာ၏။

၃၉၉ ဆရာကိုသတ်၊အရပ်ကိုမီးရှို့။

၄၀၀ ဆရာထက်၊တပည့်လက်စောင်းထက်သည်။

၄၀၁ ဆရာမီးလှုံ၊တပည့်ကြွပ်ခိုးစင်တက်သည်။

၄၀၂ ဆရာများ၊သားသေ။

၄၀၃ ဆီနှင့်-ရေလောက်ကွာသည်။

၄၀၄ ဆီးစေ့နှင့်ပစ်၍၊မြင့်မိုရ်တောင်မယိမ်း။

၄၀၅ ဆီးရွှမ်းပေါက်ပြ၊တပို့တွဲ။

၄၀၆ ဆုသုံးပါးကို၊ဘုရားသေဘ်မှတောင်းမရ။

၄၀၇ ဆူးကျဖက်ပေါက်၊ဖက်ကျဖက်ပေါက်။

၄၀၈ ဆူးကြားမှာဘူးသီးသလို။

၄၀၉ ဆေးစာဘတ်ရာ၊နားထောင်ပါ၊သူနာပျောက်နိုးနိုး။

၄၁၀ ဆေးမှူးထုံးပေါက်၊နှစ်မှုရောက်။

၄၁၁ ဆေးသမားမထောင်းတာ၊လူနာမခံချို။

၄၁၂ ဆံထုံးတထောင်၊ရောင်တလုံး။

၄၁၃ ဆံထုံးထိုက်၍ရောင်ပြေးရသည်။

၄၁၄ ဆင်ကန်းချောက်ကျ၊

၄၁၅ ဆင်ကန်းတောတိုး။

၄၁၆ ဆင်ကောင်ကိုတွေ့မှ၊ဆင်ခြေရာကိုရှာရန်မထို။

၄၁၇ ဆင်ကြိုက်ကျလောက်။

၄၁၈ ဆင်ခေါင်းခွေးမချိန်နိုင်သလို။

၄၁၉ ဆင်တစ၊မြင်းတစ။

၄၂၀ ဆင်တွင်ယင်နားသလို။

၄၂၁ ဆင်ထိုး၍မလဲ၊နှံပြီရုတ်တကောင်နားမှလဲသည်။

၄၂၂ ဆင်နောက်ခွေးပါ။
၄၂၃ ဆင်ပြဲထို့ဆန်တောင်း။
၄၂၄ ဆင်ပြောင်ကြီး။အမြီးခွာမှ။ကြွပ်သည်။
၄၂၅ ဆင်ဖြူတော်ကိုမှီ၍။ကြံရတ်သည်။
၄၂၆ ဆင်ဖြူ တော်ဝင်မဲ့ကြီး။ ချည်ဝင်တဝင်နှင့်။ ကျိန်းကြေ
သည်။
၄၂၇ ဆင်ဖြူမျက်နှာ၊ဆင်မည်းမကြည့်ဝံ့သထို။
၄၂၈ ဆင်သေကိုသရေဖုံးသထို။
၄၂၉ ဆင်းရဲအတူ။ကောင်းစားအတူ။
၄၃၀ ဆင်းရဲခံမှ။ချမ်းသာရသည်၊
၄၃၁ ဆင်းရဲတခါ။ချမ်းသာတလှည့်။
၄၃၂ ဆပ်ပြာသည်၊လင်ပျောက်သထို။
၄၃၃ ဆန်ကုန်မြေလေး။ ✓
၄၃၄ ဆန်ခိုးမမိ။ဖွဲခိုးမိ။ ✓
၄၃၅ ဆန်ဖြူဆန်ကောင်းထောင်းမှသိ။ လူဆိုးလူကောင်း ✓
ပေါင်းမှသိ။
၄၃၆ (ဆန်မရှိပဲပြုတ်၊အကြီမရှိရဲလုပ်။) ✓
၄၃၇ ဆန်ရင်းနာနာဖွတ်ရမည်။ ✓
၄၃၈ ဆဲ့နှစ်မှုအပေါ်မှာ။ရေကြည်တော်ထပ်သည်။
၄၃၉ ဆယ်ရေးတရေး။ကိုးရေးတရာ၊
၄၄၀ ဆိတ်ချေးတရာ။ဆင်ချေးတတုံး။
၄၄၁ ဆိုးတူကောင်းဘက်။
၄၄၂ ဆွေချင်းခြိုလျှင်လိုသည်။မျိုးချင်းထပ်လျှင်မြတ်သည်။
၄၄၃ ဆွမ်းတပွဲနှင့်။ဘုရားတကာကိုရန်တိုက်သည်။
၄၄၄ ဆွမ်းတော်ထက်၊ဝမ်းတော်ခက်သည်။

---

( ဇ )

၄၄၅ ဇာတိသန်၍။ကံကမဖြို၊

၄၄၆ ဇာတ်တူသားစား၍။မဲ့ဆော်ကိုးသောင်းပျက်ရသည်။

( ဈ )

၄၄၇ ဈေးမတတ်လျှင်ရွာဒုန္နှန်း။ဆံထုံးမတတ်လျှင်ရွာခေလော့

( ဉ )

၄၄၈ ညရွှေနေ့နောက်။
၄၄၉ ညီအစ်ကိုနှစ်ခု။ချိုးဥပမာလာ။
၄၅၀ ညီ၍ချုန်းလျှင်။ကျောက်တုန်းနေပူလွတ်သည်။
၄၅၁ ညာဏ်ရှိမှမြင်မြော်သည့်။ကံရှိမှထင်ပေါ်သည်။
၄၅၂ ညာဏ်ရှိမှဟုတ်ရာမြင်သည်။ကံရှိမှဥစ္စာတင်သည်။
၄၅၃ ညောင်မြစ်တူးလျှင်။ပုတ်သင်ဥပေါ်သည်။

( တ )

၄၅၄ တခါမယုံ။ဆယ်ခါမယုံ။
၄၅၅ တခါလာမဲ့ပြာပုဆိုး
၄၅၆ တခါသေဘူးမှ။ပျဉ်ဘိုးနားလည်သည်။သို့မဟုတ်။သေ
ဘူးမှ။ပျဉ်ဘိုးနားလည်သည်။
၄၅၇ တချက်ခုတ်နှစ်ချက်ပြတ်။
၄၅၈ တစကောင်းသော်။ဆယ်စကောင်း၏။
၄၅၉ တဆိတ်ကို။တဖိတ်လုပ်၍ပြောသည်။
၄၆၀( တညင်းသီးကာအီးကိုပြောင်းပြန်။ )
၄၆၁ တဆုပ်ပေးဘူး သူ့ကျေးဇူး။တလုပ်ကျွေးဘူးသူ့ကျေး
ဇူး။
၄၆၂ တတက်စားကြွက်သွန်။နှစ်တက်စား။ကြွက်သွန်။
၄၆၃ တထည်မပြတ်ခင်။တစပ်ရှည်သည်။
၄၆၄ တနေ့ချွတ်။တလမွတ်။
၄၆၅ တနေ့လုံး။ကတော်ပေမဲ့။ဥတော့တလုံးပါတဲ့။

၄၆၆ တနင်္ဂနွေသားမို့။စိတ်ကောက်သည်။
၄၆၇ တနင်္လာနှင့်။အင်္ဂါရန်ဘက်တကျက်ကျက်။
၄၆၈ တနွယ်ငင်။တစင်ပါ။
၄၆၉ တပင်လဲလျှင်တပင်ထူမြဲ။
၄၇၀ တပည့်လိမ္မာ။ဆရာအာပတ်လွတ်။
၄၇၁ တပေါင်းတန်ခူး။မင်းလွင်မြူး။
၄၇၂ တပေါင်းတန်ခူးမိုးစပ်းသားကြူး။
၄၇၃ တမို့တွဲ နှိုးရွာလိုက်။ကျွန်မိုးစပ်းကြွင်း။
၄၇၄ တမို့တွဲပေါက်လဲဝုံကင်း။ထန်းရေနင်း။
၄၇၅ တပြည်လုံးအတွက်။ငဝက်ကပူသည်။
၄၇၆ တဘိန်းလှည့်ညာဂျော်။
၄၇၇ တမူးတန်ကိုတွက်၍။တချာတန်ပျက်သည်။
၄၇၈ တ-မှန်း။န-မှန်းမသိ။
၄၇၉ တယောလူလေ။ပုလွေကွဲကျောင်း။စောင်း-မင်းရာ။
၄၈၀ တယောက်ကစပ်တရာ။
၄၈၁ တယောက်ကောင်းက။တသောင်းမြို့၏။
၄၈၂ တယောက်မ-တန်ကြောင့်။တအိုးတန်ပျက်သည်။
၄၈၃ တရားတန်ဆာ။ကျွန်မှာမကင်း။
၄၈၄ တရားလိုက်က။ဘုရားကြိုက်သည်။
၄၈၅ တရေးနိုးသော်။အကြံပေါ်။
၄၈၆ တရုပ်နှင့်ခွေး။စရုပ်နှင့်မီးသွေး။
၄၈၇ တရုပ်ပြည်မှာ။အပ်ရောင်းသလို။
၄၈၈ တရွာမပြောင်း သူကောင်း မဖြစ်။ တရွာပြောင်းမှ သူကောင်းဖြစ်သည်။
၄၈၉ တရွာလျှင်တကျီဆောက်သည်။
၄၉၀ တရွာသွားလျှင်တအားယုတ်သည်။
၄၉၁ တလိုင်းကောက် သံကော်ကိုးစင်း။မြန်မာကော်-ဝဲနေဝံ ကိုးတင်း၊

၄၉၂ တလှေတည်းစီး။တခရီးတည်းသွား၊
၄၉၃ တသက်လုံးစားသည့်အစာ၊သံပုရာတခြမ်းနှင့်ချေသည်၊
၄၉၄ တီးတုတ်နှင့်ကြွက်။တတန်းတည်းအိပ်ကြသည်။
၄၉၅ တူကြီးလျှင်ပေ။လူကြီးလျှင်တေ။
၄၉၆ တူမကြီးလျှင်ဝရီးမျက်ဆန်ကြောင်။
၄၉၇ တောဆင်အဝေးခမည်းပေးသည်၊
၄၉၈ တောထဲက ဆေးလည်း သေဘေးကိုထား ပေသည်၊
ကိုယ်ထဲကသွေးလည်းသေဘေးကိုပွါးစေသည်။
၄၉၉ တောမီးလောင်၊တောကြောင်လက်ခမောင်း ခတ်သည်၊
၅၀၀ တောသားရဲဆွဲထုတ်ရသည်။
၅၀၁ တောသတ္တဝါကိုထိုလျှင်။အိမ်သတ္တဝါနှင့်ရင်းနှီးဘမ်းရမည်။
၅၀၂ တော်သလင်းနေ။ပုဇွန်သေ။
၅၀၃ တော်သလင်း။မြစ်တွင်းသင်ဖြူးခင်း။
၅၀၄ တံတားအိုး မြောင်ကို မရှောက်နှင့်၊စကားဆို တောင်ထိုမမောက်နှင့်။
၅၀၅ တက်ကပ်မှာပညာ။ဆုတ်ကပ်မှာဉစ္စာ။
၅၀၆ တတ်ပါသော်လည်းမတော်မမှန်။တော်မှန်သော်လည်းမတတ်မထိရွာ။
၅၀၇ တန်ဆောင်မုန်းနတ်တော်ကောက်ဖွော်စား။
၅၀၈ တန်လျှင်ဆေးလွန်လျှင်ဘေး။
၅၀၉ တပ်စီးတရား၊တပ်လာတထောင်၊
၅၁၀ တယ်မထွာသော်လည်း၊ရွက်ကြမ်းရေချိုရှိပါ၏၊
၅၁၁ တိတ်တိတ်နေသော်တထောင်တန်ရာသည်။တိတ်တိတ်မနေ၍အထောင်းခံရသည်။
၅၁၂ တောင်တင်ရေမရ။
၅၁၃ တောင်ထိပ်ကြာရောက်။အနေခံနေထွက်။ ။(သံဝရမှု။)
၅၁၄ တောင်မကျ။မြောက်မကျ။

၅၁၅ တောင်ရိုးဝါးခုတ်စကား။
၅၁၆ တောင်လဲမြက်ဖြတ်။ သို့မဟုတ်၊ တောင်လဲမြက်ပါ။
၅၁၇ တောင်သူကြက်ဘမ်း။
၅၁၈ တောင်သူလှော်နံထစ်။
၅၁၉ တောင်းမှာအကွပ်။ လူမှာအဝတ်။
၅၂၀ တိုင်းယက်သည့်ပက္ကလန်။ ရိုးစင်းရှာသည့်နှင့်အခန့်သင့်။
၅၂၁ တို့ဘုရားလည်း။ မယားဘက်ကိုခပ်ပါပါဆိုသထို။
၅၂၂ တွေ့ရာသင်းချိုင်း။

---

( ထ )

၅၂၃ ထပါများက။ ထိုင်ရတတ်သည်။
၅၂၄ ထမင်းတလုပ်။ တုတ်တချက်။
၅၂၅ ထမင်းတလုပ်။ ရေတမှုတ်။
၅၂၆ ထမင်းရည်ထို။ အပေါ်ကြောတင်းနှင့်။
၅၂၇ ထမင်းဝ။ ခြေကြွ။
၅၂၈ ထီးကို-ခရိုင်ချုပ်သည်။
၅၂၉ ထားနှင့်ဆားလဲ။
၅၃၀ ထားဖျက်ဝါးမျက်။ လူဖျက်အရက်။
၅၃၁ ထားမနောက်ဗိုတ်ခွေးလောက်မှအဘိုးမထိုက်။
၅၃၂ ထားဝယ်ရိုး-ကြက်ခိုး။
၅၃၃ ထန်းစေ့နှင့်ထန်းပင်ကဲ့သို့မကျင့်ရာ။ ညောင်စေ့နှင့်
ညောင်ပင်ကဲ့သို့ကျင့်ရာ၏။
၅၃၄ ထန်းပလပ်ကို။ နတ်ရုပ်ထင်သည်။
၅၃၅ ထန်းလည် ခစ်ကျူး။ လှော်ပိုးထိုး။ မိန်းမဆိုး၊ မြင်းကပ်၊
ကြဥ်ရှောင်အပ်သည်။
၅၃၆ ထန်းသမားစားဘို့ကို။ ထန်းနို့ကထွက်သည်။
၅၃၇ ထန်းသီးကြွေခိုက်။ ကျီးနင်းခိုက်။
၅၃၈ ထောင်အပြင်။ တန်းမရှိ။

၁၃၉ ထောင်တန်သောစကား။ရယ်လျှင်ပျက်သည်။
၁၄၀ ထောင်မှူးမ၍၊ထောင်ကျသည်။
၁၄၁ ထိုင်နေအကောင်းသား၊ထသွားမှကျိုးမှန်းသိသည်၊
၁၄၂ ထွေးပြီးသောတံထွေးကို။ပြန်၍မြိုရိုးထုံးစံမရှိ၊
၁၄၃ ထွက်ပြီးသောဆင်စွယ်။ဝင်တယ်လို့မရှိ။
၁၄၄ ထွန်ရေးလည်းရ။ကြွက်ဘုထည်းပန်း၊ ငံ့သောငြမ်းကဲ့သို့။

---

( ဒ )

၁၄၅ ဒူးနေရာ။တော်နေရာ။
၁၄၆ ဒေါင်းကိုတု၍၊စာသငယ်က-အလှမ်းကျယ်ချင်သည်။
၁၄၇ ဒေါင်းငယ်ဥပမာမကျင့်ရာ။ဟာသာမထုံး-စိတ်၌သုံး။

---

( ဓ )

၁၄၈ ဓမ္မဝတ်စရိုက်သာရှိ၍၊ လောကဝတ် အလိုက်မရှိလျှင် မိမိ၌ရောက်သမျှပျက်မှောက်ကြောင်း။ ဂုဏ်ပေါင်းမကြွယ်သဖြင့်။ရောင်စွယ်တုံးတတ်သည်၊ လောကဝတ်အလိုက်သာရှိ၍၊ဓမ္မဝတ်စရိုက်မရှိလျှင်။နောက်ဘဝတက်မြောက်ကြောင်း။ကုန်ကောင်းကိုမသွယ်သဖြင့်။နောင်ဝယ်ရှုံးတတ်သည်။
၁၄၉ ဓမ္မသတ်ကို-ရာဇသတ်ဖျက်သည်။ ရာဇသတ်ကို ဂတိဖျက်သည်။
၁၅၀ ဓမ္မသတ် တရား။ မသင် ကြားသော်။ တရားဆိုခါ ရှုံးတတ်သည်၊

---

( န )

၁၅၁ နဂါးမျက်စောင်း။အကြောင်းလေးပါး။
၁၅၂ နဂိုရှိမှ။နဂိုင်းထွက်သည်။

၅၅၃ နဘူးစာရွာလယ်။
၅၅၄ နယုန်မိုးစင်းသေး။မြက်သားမွေး။
၅၅၅ နှီးတကျက်ကျက်။ဝေးတသက်သက်။
၅၅၆ နှမည့်အစ-ယားသည်။သေမည့်အစ-ဖျားသည်။
၅၅၇ နှုရာမှာဝဲစွဲ။လဲရာမှာသူခိုးထောင်း-(သို့မဟုတ်လဲရာမှာ
ဗိုထောင်း)။
၅၅၈ နေမကောင်းရင်း။ဘိန်မထောင်းရင်း။
၅၅၉ နေရောင်ပျောက်က။လရောင်ရောက်သည်။
၅၆၀ နေဝင်လျှင်မအိပ်လွှယ်နှင့်။ နေကယ် အောင်လည်း မ
အိပ်လေနှင့်။
၅၆၁ နေ့ပူလို့ညချမ်း။တပေါင်းလ။လ-သရမ်း။
၅၆၂ နေ့ဝါခို။ညပြာသို။
၅၆၃ နားနှင့်မနာ။ဘဝါးနှင့်နာပါ။
၅၆၄ နားမနာသိး။ဘုတ်နှင့်ကျီး။
၅၆၅ နားရွက်ထို။ရှလေဝေးသည်။
၅၆၆ နက်ယောင်မှု၍တိမ်၏။တိမ်ယောင်မှု၍နက်၏။
၅၆၇ နတ်(က)ရာမှာ။ကျီးမောသလို။
၅၆၈ နတ်ကိုလည်းမကိုးနှင့်။ရန်းကိုလည်းမယိုးနှင့်။
၅၆၉ နတ်သာကချင်သည်၊ထမိအရတ်ရတ်။
၅၇၀ နတ်သုဋ္ဌါတခွဲမှာ။မစင်တပဲကျသလို။
၅၇၁ နိဗ္ဗာန်ကကြွး၍။မြို့မြို့သို့ကျသည်။
၅၇၂ နောက်ဖယ်မစမ်း။ကိုယ်ယမ်းမသိ။
၅၇၃ နောက်လာမည့်မောင်ပုလဲ ဒိုင်းဝန်ထက်ကဲသည်။
၅၇၄ နောင်ခါပေး။တွေ့တိုင်းတောင်း။
၅၇၅ နောင်ခါလာ၊နှောင်ခါချေး။
၅၇၆ နိုင်ထက်စီးနင်း။
၅၇၇ နိုင်သေဘ်ကောက်ထုံး။ရှုံးသေဘ်သက်သေခံ။
၅၇၈ နှလုံးကောင်းလျှင်၊ဝမ်းကြီးသည်။

၅၇၉ နှလုံးသား-အပ်သွားထိသလို။
၅၈၀ နှာရေယိုခွဲ၊တယိုတွဲ။
၅၈၁ နှုိမိသည်ဌက်။ကြိုးငြိကြက်လို။
၅၈၂ နှို သမားပါးလို။ပူချေဝိန်ချေပြုသည်။
၅၈၃ နှုံးပြီရုတ်တကောင်နှင့်။ဗိုလ်ခြေတထောင်ကို။ ဝအောင်ကျွေးသည်။
၅၈၄ နှစ်ကိုယ့်တစိတ်။
၅၈၅ နှုတ်ကောင်းလျှာပါး။
၅၈၆ နှုတ်ကောင်းလျှင်။ပြည်စိုးသည်။
၅၈၇ နှုတ်ကြောင့်သေသည်။လက်ကြောင့်ချော်သည်။
၅၈၈ နှုတ်ခမ်းပဲ့ချင်းမီးမှုတ်သည်။
၅၈၉ နှုတ်ခမ်းမွေးကိုမနိုင်ဘဲနှင့်၊ပဲကြီးဟင်းကို သောက်ချင်သည်။
၅၉၀ နှုတ်လျှင်ချိုကား လျှိုတပါး။
၅၉၁ နွားအိုမြက်နုကြိုက်သည်။
၅၉၂ နွားကွဲ ကျားကိုက်။
၅၉၃ နွားခြံသွင်း။မြင်းခြံဝင်။
၅၉၄ နွားငတ်ရေငတ္တ။
၅၉၅ နွားတဘက်ကောင်းလို့။ချောင်းမကူးနိုင်။
၅၉၆ နွားပိန်ထူလူခွေ့။
၅၉၇ နွားပျိုသန်လှဆို။နွားအိုပေါင်ကျိုးသလောံသာရှိသည်၊
၅၉၈ နွားရှေ့ထွန်ကြူး။
၅၉၉ နွားသိုးကို ထမ်းပိုးတင်မိသလို။
၆၀၀ နွားသိုး-ကြိုးပြတ်။

## ( ပ )

၆၀၁ ပစပ်ကဘုရားဘုရား။လက်ကကားရားကားရား၊
၆၀၂ ပစပ်ဟာလျှင်အရူမကိုအတိုင်းသားမြင်သည်။

၆၀၃ ပညာကိုရှေ့။ဥစ္စာကိုနောက်။ (ကန်တော်မင်းကျောင်း။)
၆၀၄ ပညာကြီးက။နှုတ်နည်းသည်။
၆၀၅ ပညာပင်ရှိသော်လည်း။သတိဖြစ်ခဲသည်။
၆၀၆ ပညာမဲ့၊ပြေး၍ ကြည့်သည်တက်။ ပညာရှိတွေးကြည့် လျှင်-မှန်၏။
၆၀၇ ပညာရဲရင့်။ပွဲလယ်တင့်သည်။( ကိုးခန်းပျို့။)
၆၀၈ ပညာရှိအမျက်ပြင်မထွက်။
၆၀၉ ပညာသည်။ကြီးငယ်မဆိုသာ။
၆၁၀ ပရိယာယ်လေးဆယ်။ မာယာတထိန်း အဗလိန်းအနန္တ သို့မဟုတ်ပရိယာယ်တထောင်။ မာယာတထိန်းနှင့်။ ပြည့်ရုံသောမိန်းမ။
၆၁၁ ပီလောပင်-ပက်ကျိတက်သလို။
၆၁၂ ပုဂံရာဇဝင်ကိုပြောက။ထုတ်ထမ်းရသည်။
၆၁၃ ပုစွန်ကိုမရ။လက်ကိုပု။အနိုင်နှုတ်ရသည်။
၆၁၄ ပုစွန်ခြေချိုး။သမင်ကြို့ထိုး။
၆၁၅ ပုစွန်ဆိတ်ငယ်သော်လည်း။ပင်လယ်ကိုကူးနိုင်သည်။
၆၁၆ ပုဆိန်ရေချ။သံပွမှလင်ရမည်။
၆၁၇ ပုဆိုးမရှိတဲ့လူက။လုံအောင်ထိုင်ပါဆိုသလို။
၆၁၈ ပုထိုးမနိုင်။ညောင်မနိုင်။
၆၁၉ ပေတပင်။ရှင်တပါး။
၆၂၀ ပေတသီး။ကျီးတသား။
၆၂၁ ပေးစရာလည်းငွေမရှိ။ပြေးစရာလည်းမြေမရှိ။
၆၂၂ ပေးသူလည်းသင့်။စားသူလည်းတင့်။
၆၂၃ ပဲကြီးရေစိမ်၊အချိန်တန်ပွသည်။
၆၂၄ ပဲရှူးဆားလို။ခပ်တိုင်းငန်သည်။
၆၂၅ ပေါ့စေလို၍မျောက်ရှပ်ထိုး။ဆေးအတွက်ထေးသည်။
၆၂၆ ပါးပုတ်၍လက်ဝှက်သည်။သခွါးစား၍ဖရုံပြသည်။
၆၂၇ ပါးလွှန်းလျှင်။ပေါက်တတ်သည်။

၄၂၈ ပင်လယ်ခေါင်း၊ ရေဝဲတွင်း၊ လှေကွဲ၍မြုပ်သလို။

၄၂၉ ပဏ္ဏမြားတခြည်၊ ဆန်တပြည်။

၄၃၀ ပဏ္ဏမြားမှန်လျှင်၊ နွံမှာနစ်သော်လည်း-မညစ်နွမ်းနိုင်။

၄၃၁ ပန်းအပွင့်၊ လူအကျင့်။

၄၃၂ ပန်းထိမ်မတတ်ခင်၊ ရွှေခိုးအရင်သင်သည်။

၄၃၃ ပန်းရွှေစင်လည်း-ရှင်စေတော့၊ ရှင်ရသော့လည်း-ရေချိုးရစေတော့။

၄၃၄ ပန်းသတင်းကို-လေညှင်းဆောင်၊ လူ့သတင်းကို-လူချင်းဆောင်။

၄၃၅ ဗိဿာလေးနှင့်၊ နံဘေးကိုပစ်သလို။

၄၃၆ ပိန်ရာတွင်-ဆင်နင်းသည်။

၄၃၇ ပုဂ္ဂိုလ်ကိုခင်မှ၊ တရားကိုမင်သည်။

၄၃၈ ပေါက်ကန်ပြည့်သား၊ စကားမတည်။

၄၃၉ ပေါက်တွတ်-ပဲစားထားသည်။

၄၄၀ ပိုးရန်းကြွေးကို၊ ပိုးမှတ်သည်။

၄၄၁ ပိုးသာကုန်၍၊ မောင်ပုံစောင်းမတတ်။

၄၄၂ ပျော်ပျော်နေ-သေခဲ။

၄၄၃ ပျံလေအရှုံး တော့ရွှေငှက်ခါး၊ နားခါမှသိမည်။

၄၄၄ ပျားတစက်ကြောင့်၊ ပြည်ပျက်သည်။

၄၄၅ ပျားပန်းခပ်သလို။

၄၄၆ ပျက်လျှင်အစဉ်၊ ပြင်လျှင်ခဏ။

၄၄၇ ပြဒါးပြာချ၊ ပြဒါးကပြာမကျ၊ လူမှာသာပြာကျသည်။

၄၄၈ ပြဒါးသေလျှင် တဆွေ့ဝသည်၊ သံသေလျှင် တပြည်ဝသည်။

၄၄၉ ပြုလျှင်အသစ်၊ ဖြစ်လျှင်အဟောင်း။

၄၅၀ ပြုသူမရှက်၊ မြင်သူရှက်သည်။

၄၅၁ ပြောပါများလျှင်၊ မယားစကားအောင်သည်။

၄၅၂ ပြင်မှာလဲသည်ကို၊ ပွဲတွင်ဝင်၍ပြသည်။

၆၅၃ ပြည့်ကိုင်းနိုင်းကန်။
၆၅၄ ပွဲသွားကြော့ကြော့။ပွဲပြန်မော့မော့။

(ဖ)

၆၅၅ ဖြူယောင်နှင့်မည်း၊ဟုတ်ယောင်လွဲ။
၆၅၆ ဖြောင့်သော်မစားလောက်။ကောက်သော်မစားနိုင်။
၆၅၇ ဖွတ်ကျောပြာရ၊ခရုဆန်ကျွတ်။
၆၅၈ ဖွတ်ငိုလိပ်ငို။
၆၅၉ ဖွတ်တက်သည်ယက်-ဖွဲသေးသည်။
၆၆၀ ဖွတ်မရသည့်ပြင်၊ထားမ-ဆုံးသည်။
၆၆၁ ဖွတ်မိကျောင်းဖြစ်။ ချောင်းမြစ်မချမ်းသာ။ ကျွန်သူ
ကောင်းဖြစ်။တိုင်းပြည်မစည်ရာ။
၆၆၂ ဖွတ်မေ့။လိပ်မေ့။
၆၆၃ ဖွတ်မင်းသားမှာ၊ပြာရထားဆိုက်သည်။
၆၆၄ ဖွတ်မြီးနှင့်၊ဖွတ်ကိုတုပ်သည်။
၆၆၅ ဖွတ်လျှာ။လိပ်လျှာ။

(ဗ)

၆၆၆ ဗုဒ္ဓဟူး၊နတ်ရှုးမှမစား။

(ဘ)

၆၆၇ ဘမျိုး။ဘိုးတူ။ချို့နှင့်၊
၆၆၈ ဘီးလူးတွေ့၊နွားတွေ့။
၆၆၉ ဘီလူး-သားဘမ်း။
၆၇၀ ဘီလူး-သားလူ။
၆၇၁ ဘုမသိ။ဘမသိ။
၆၇၂ ဘုရားကားအောက်။မျောက်ကားအထက်။

၆၇၃ ဘုရားကျွန်၊ဘုရားကိုမရှိသေ။

၆၇၄ ဘုရားဖြစ်မဲ့ကြီး။အနှစ်ရှစ်သောင်းကကျော်သည်။

၆၇၅ ဘုရားဖြစ်မဲ့ကြီး၊မာရ်နတ်ကားရားကားရား။

၆၇၆ ဘုရားဖြစ်ပြီးမှ။ပလ္လင်ကိုပူဇော်ပြန်။

၆၇၇ ဘုရားဘူးရင်း။လိပ်ဥတူးရင်း။

၆၇၈ ဘုရားမှသော်လည်း၊အမြိတ်ကဲရှိမှပွင့်ရသည်။

၆၇၉ ဘုရားမှတ်၍-ကိုးကွယ်ပါ။ ဖွတ်ထွက်ခါမှ။ တောင်ပို့မှန်းသိရသည်။

၆၈၀ ဘူးကောင်းလျှင်စင်ခံ။လင်ကောင်းလျှင်စံရ။

၆၈၁ ဘူးတရာ အပေါက်ကိုလုံအောင် ပိတ်နိုင်သည်။ ရှုတယောက်ပစပ်ပေါက်ကိုလုံအောင်မပိတ်နိုင်။

၆၈၂ ဘူးတောင်းနစ်၍စေါင်ခြမ်းပေါ်။

၆၈၃ ဘူးလေးရာတွင်။ဖရုံဆင့်သည်။

၆၈၄ ဘူးလုံးနားမထွင်း။

၆၈၅ ဘူးသီးမှအရိုးတော်သည်။

၆၈၆ ဘေးတွေ့မှနောင်တရသည်။

၆၈၇ ဘားကိုတုလို့၊ခရုချန်သည်။

၆၈၈ ဘယ်သူမပြုမိမိမှု။

၆၈၉ ဘုန်းကြီးအမှူးရွာမှာကပ်သည်။

၆၉၀ ဘုန်းကြီးကျပ်ခိုးစင်တက်လျှင်။ ရှင်ကလေးမိုးထိုးမည်။

၆၉၁ ဘုန်းကြီးရှူးနှင့်။လှေလူးတွေ့သည်။

၆၉၂ ဘုန်းကြီးသပိတ် မှောက်လျှင်။ တကာကာ အိုးမှောက်သည်။ တပုံကား။ ။တကာကာ-ခွက်မှောက်သည်။

၆၉၃ ဘုန်းကြီးသူရေက်က။ဘုန်းနည်းသူမျှောက်မြဲ။

၆၉၄ ဘုံခက်းလည်း မြောက် လွန်းသည်။ ငရဲခက်းလည်း ချောက်လွန်းသည်။

၆၉၅ ဘုံထက်။ရကွင်းမသာ။

## ( မ )

၆၉၆ မအိပ်မစက်၊အသက်ရှည်ရာ၊
၆၉၇ မကောင်း၊ကျောင်းမှီ၊
၆၉၈ မကောင်းသူကိုဖယ်၊ကောင်းသူကိုကယ်၊
၆၉၉ မ-ကိုချစ်မှ၊ဥ-ကိုချစ်သည်၊
၇၀၀ မကြော့ကြွမ်းနှင့်၊မသော့သွမ်းနှင့်၊မဟော့ရမ်းနှင့်၊
၇၀၁ မချိအောင်လဲမပူနှင့်၊လူသိအောင်လဲမဆူနှင့်၊
၇၀၂ မချစ်သော်လည်း-အောင့်ကာနမ်း၊ မနမ်းသော်လည်း-ပင့်သက်ရှူ၊
၇၀၃ မစားမိလျှင် အရှင်း၊ စားမဲ့စားတော့၊ လင်ပန်း ဖလား ကုန်အောင်စားသည်၊
၇၀၄ မစားရက်ထို၊လောက်တက်သည်၊
၇၀၅ မ-တထောင်၊တကောင်ဘွား၊
၇၀၆ မထိုင်ခင်ကား၊ခြေဆင်းသည်၊
၇၀၇ မ-နှင့်ဖြားတော့၊ ဘုရားလောင်း၊ ရွှေဥခေါင်းသော်မှ၊ ညွှာ်ကွင်းမိရသည်၊
၇၀၈ မ-နှင့်တွေ့လျှင်၊ရသေ့သော်မှ-ဈာန်လျှောရသည်၊
၇၀၉ မပေးထိုမရှိ၊မပြောထိုမသိ၊
၇၁၀ မပုပ်ဘဲကို-မပေါ်ဘူး၊မဟုတ်ဘဲကို-မကျော်ဘူး၊
၇၁၁ မပေါင်သာလျှင်၊မြောင်ပါရစေတော့၊ကိုးကျောင်းအမ၊
၇၁၂ မပိုင်ဝက်ကို၊မွေးဘက်ယူသည်၊
၇၁၃ မပြုံးတန်ရာကို-ပြုံးမိ၍၊ဇာတ်လုံးပေါ်သည်၊
၇၁၄ မဖြစ်ချင်တဲ့ခွေး၊အမွေးတခြား၊
၇၁၅ မမြင်ဝံ့-ဆေးသမား၊မကြားဝံ့-တရားသူကြီး၊
၇၁၆ မမှီသည့်ပန်းကို တုံးချ၍လှမ်းသည်၊
၇၁၇ မမှားသောရွှေနေ၊မသေသောဆေးသမား၊
၇၁၈ မမှတ်သားသော်-အကျိုးမခံရ၊မှတ်သားသော်-အကျိုး ခံရ၏၊

၇၁၉ မယားအပါး၊ ကျွန်ယောက်ကျား၊ မထားတန်ရာ။
၇၂၀ မယားကုန်ရှုံးလျှင်-တမနက်၊ လင်ကုန်ရှုံးလျှင်တသက်၊
၇၂၁ မယားကိုချစ်၍-ပြည့်ကိုပစ်သည်၊ လင်ကိုချစ်၍-သား
ကိုပစ်သည်။
၇၂၂ မယားကိုမဲ၍၊ ကြောင်ကိုရိုက်သည်၊
၇၂၃ မယားတညှင်း၊ လင်ကားမုဆိုး။
၇၂၄ မယားနေစ၊ ကြောင်သေမှ။
၇၂၅ မယားမရှိလျှင်-လေသည်။ အစားမရှိလျှင်-သေသည်။
တရားမသိလျှင်-တွေသည်။
၇၂၆ မယားရေးကြောင့်၊ ထားဘေးသင့်သည်၊
၇၂၇ မယားသခင်၊ လင်သာအစိုးပိုင်သည်။
၇၂၈ မယုံလျှင်၊ ငါ့မယားကိုမေးဆိုသလို။
၇၂၉ မရှဲ့ဘဲနှင့်၊ ကျွဲမြီးကိုစီးသည်၊
၇၃၀ မရှဲသော်လည်း၊ ပြေးခဲစေ။
၇၃၁ မရောင်းပိုင်က၊ မဝယ်ပိုင်။
၇၃၂ မရောင်းဖြစ်သော်ရုံတိုင်လယ်၊ မဝယ်ဖြစ်သော်စရံဆုံး
၇၃၃ မရှိသည်ထက်၊ မသိသည်-ခက်သည်။
၇၃၄ မရွယ်ဘဲနှင့်၊ စော်ကဲမင်းဖြစ်သည်။
၇၃၅ မလိမ္မာ၊ တခါ-မိုက်စမြဲ။
၇၃၆ မလို၊ ကူးတို့ခ-တောင်းသည်။
၇၃၇ မလိုချင်၍မနေရ၊ လိုချင်သော်လည်းမရ၊
၇၃၈ မလို-တို-ရှည်။
၇၃၉ မလုံတဲ့အိုး၊ တုတ်မိုးလျှင်အခါသည်။
၇၄၀ မလျော့မတင်း၊ စောင်းကြိုးနှင်းသကဲ့သို့ပြုရာသည်၊
၇၄၁ မလှတဲ့အပြင်၊ ရှုံ့၍ပြသည်၊
၇၄၂ မသာတခေါက်၊ ကျောင်းဆယ်ခေါက်။ ၊ တပုံကား။ ၊
မီးနေတခေါက်၊ ကျောင်းဆယ်ခေါက်။
၇၄၃ မသာထက်ဘက်နှင့်၊ လက်ဆောင်တက်သည်။

၁၄၄ မသိလျှင်မေး။မစင်လျှင်ဆေး။
၁၄၅ မသိသူကျော်သွား၊သိသူပေါ်စား။
၁၄၆ မသုံးသောစက်။သုံးချေးတက်၊
၁၄၇ မသုံးသောထား၊သုံးချေးများ။
၁၄၈ မိကျောင်း-ကြည်းတင်။
၁၄၉ မိကျောင်းဖွေးဖွေး။ရေဖွေးဖွေး။
၁၅၀ မိကျောင်းမင်းကိုရေကင်းပြသည်၊ဘုန်းကြီးစာချသည်။
၁၅၁ မိခင်အမွေလယ်တကွက်။ တသက်စားတော့မကုန်နိုင်။
၁၅၂ မိတဆိုး၊ဘတဆိုး။
၁၅၃ မိဘကောင်းလျှင်-စည်းစိမ်။မောင်ကောင်းလျှင် အရှိန်။
၁၅၄ မိဘကောင်းသား။ ခံရများ၏။ သားကောင်း- မိဘခံရခဲသည်။
၁၅၅ မိဘစကား။နားထောင်ပြား၊ကာ၊သံပြား ကျောက်စောင်း။ ကျိုးသော်ပြောင်းသည်။
၁၅၆ မိဘစကားနားမထောင်။သားတကောင်နှင့် တွဲလဲတွဲလဲ
၁၅၇ မီးကိုမလောင်ခင်က။သားရမည်။
၁၅၈ မီးကြီး။မြမ်းခို။
၁၅၉ မီးခဲ-ပြာဖုံးသလို။
၁၆၀ မီးလောင်ရာ။လေပင့်။
၁၆၁ မီးလွန်သော်ချစ်သည်။ရေလွန်သော်ပြစ်သည်။
၁၆၂ မီးဝေးချိပ်မာ။
၁၆၃ မုဆိုးနားနီး-မုဆိုး၊တငါနားနီး-တငါ။
၁၆၄ မုသားမပါ၊လက်ာမချောဆိုသလို။
၁၆၅ မျိုးကိုမပြစ်နှင့်။လူဆိုးကိုမချစ်နှင့်။
၁၆၆ မေတ္တာခြုံလျှင်-လုံသည်။
၁၆၇ မေးများမေးအော်၊ဝက်ခြံပေါက်။ဝမ်းမြောက်ဝမ်းဂ မရှိရာ။
၁၆၈ မေးဘန်များစကားရ၊သွားဘန်များခရီးရောက်။

၁၆၉ မဲကိုမုံပြုသည်၊မုံကိုမဲပြုသည်။
၁၇၀ မဲပြာမုံရော၊ခဲပါဆုံလျော၊
၁၇၁ မက်လု-မက်လုနှင့်။မိုးလင်းသည်။
၁၇၂ မင်းကိုနိုင်ထိုသော်။လက်ဆောင်။
၁၇၃ မင်းချစ်ကိုမယုံသာ။မိုး-ချစ်ကိုလည်းမယုံသာ၊
၁၇၄ ×မင်းတို့စကား။ရိုးဟင်းကြီးသွား။
၁၇၅ ×မင်းတို့မျက်စောင်း၊အကြောင်းမရွေး။
၁၇၆ ×မင်းနားတထောင်။
၁၇၇ ×မင်းနားနေ။မင်းရည်ဝ။
၁၇၈ မင်းဖြစ်မှဲ့လူ။ရာဇပလ္လင်၊ဖင်မှာကပ်ပါသည်၊
၁၇၉ ×မင်းမှာသစ္စာ။လူမှာဂတိ၊
၁၈၀ မင်းလိုလိုက်က။မင်းကြိုက်သည်။
၁၈၁ ×မင်းသိ။ကိုယ်ရိ။
၁၈၂ ×မင်းသားလက်သို့၊ရွှေစင်ဝင်။
၁၈၃ မာန်-သူ့ဘို့၊ဟန်-ကိုယ့်ဘို့။
၁၈၄ မယ်တရွာ။မောင်တမြို့။
၁၈၅ ×မိန်းမတို့အသရေ။ရွှေပေးလို့မရ၊
၁၈၆ × မိန်းမတို့လိမ္မာ။တနပ်စာရသည်၊
၁၈၇ ×မိန်းမပျင်း-ခြေဆင်း။ယောက်ျားပျင်း-ကျောခင်း။
၁၈၈ ×မိန်းမဖျက်လျှင်၊ပြည်ပျက်သည်၊
၁၈၉ ရတ်ဆိတ်-ပျားစွဲ။
၁၉၀ ရဆိုးမသား။နို့ပုန်းစား။
၁၉၁ ရန့်ဆီကြော်ဖြင့်စားရမည်မကြံသေးဘူး။နှုတ်ခမ်းနာဘို့
မှသင့်ပမည်လားဟုမေးသည်။
၁၉၂ ရန့်သည်မသား။ရန့်နားစား။
၁၉၃ ရန်းစေထိုလျှင်-ခံတွင်းလက်လေးသစ်၊ချစ်စေထိုလည်း
ခံတွင်းလက်လေးသစ်။
၁၉၄ ရန်းသော်အပြစ်၊ချစ်သော်အကျိုး။

၇၉၅ မုန်းသော်မပိုင်၊ချစ်သော်ပိုင်သည်။
၇၉၆ မောင်ကြီး-နှစ်ဆ၊အစ်မကြီး-အမျှ။
၇၉၇ မောင်ဆိုလေ၊ထီးရိုးရှည်လေ။
၇၉၈ မိုးနှင့်မြေလောက်ကွာသည်။
၇၉၉ မိုးမပြိုဘူး၊ပြိုခဲ့သော်။
၈၀၀ မိုးသောက်မှကြက်တင်၊နေဝင်မှကောက်လှန်း။
၈၀၁ မိုးကိုထင်၍၊ပျိုးရင့်သည်။
၈၀၂ မိုးကြိုးပစ်၊ထန်းလက်ကာ။
၈၀၃ မိုးခါးရေသောက်။
၈၀၄ မိုးစနေ၊လေရာဟု။
၈၀၅ မိုးတောင်က၊ပွေးပေါင်က။
၈၀၆ မိုးသော်မှ၊တဖျည့်စိရွာရသည်။
၈၀၇ မိုးသားရေ-နွေသင်ဖြူး။
၈၀၈ များလျှင်အဝ၊နည်းလျှင်အင။
၈၀၉ မျက်စိအကျင့်ဝမ်းအချင့်။
၈၁၀ မျက်စိကန်း၊တစ္ဆေမကြောက်။
၈၁၁ မျက်နှာကြီးရာ၊ဟင်းဘတ်ပါသည်။
၈၁၂ မျက်နှာချောစင်က၊အရောင်တင်မထို။
၈၁၃ မျက်နှာလွှဲခဲပစ်။
၈၁၄ မျက်နှာသိ၊ဖိထောင်းသည်။
၈၁၅ မျက်မမြင်ဆင်စမ်းသလို။
၈၁၆ မျောက်ကိုချုံဆွဲသလို။
၈၁၇ မျောက်-ကြက်ချေးကိုင်မိသလို။
၈၁၈ မျောက်သမန်းရှာသလို။
၈၁၉ မျောက်သားစားလိုလျှင်၊ မျောက်မျက်နှာကို ကြည့်ရဦးမည်။
၈၂၀ မျောက်သစ်ကိုင်းလွတ်၊ငှက်တောင်ကျွတ်သကဲ့သို့။
၈၂၁ မြေကိုစမ်း၍ခရမ်းပျိုးသည်။

၈၂၂ မြေကြားမိခင်။ထန်းပင်အခေါ။

၈၂၃ မြေကြီးလက်ဝါးနှင့်ပုတ်သော်မှလွဲလိမ့်ဦးမည်။

၈၂၄ မြေနူကျွန်းပေါ်။အရာတော်။

၈၂၅ မြေးကိုအဖျား။သားကိုအရင်း။

၈၂၆ မြင့်မိုရ်တောင်ကြီးကို ဆီးစေ့နှင့်ရွယ်သလို။တပုံကား။
မြင့်မိုရ်တောင်ထက်ဆုတ်ပြသလို။

၈၂၇ မြင်းကန်းတရွာ။ ဆင်ကန်းတမြို့။

၈၂၈ မြင်းကောင်းပြေးရာ။ခွေးကျိုးကန့်လန့်။

၈၂၉ မြင်းကိုသာစီး၍။အထီးမှန်းအမမှန်းမသိ။

၈၃၀ မြစ်ထဘက်မှာ။ဝက်လက်ကင်။

၈၃၁ မြစ်မ- ကောင်းလျှက် သောင်တိမ် ဖျက်သည်။မင်းပင်
ကောင်းလျက်-မင်းမြှောင်ဖျက်သည်။

၈၃၂ မြစ်မမြင်ဘူး။မူးကိုမြစ်ထင်။

၈၃၃ မြှောင်းငယ်မကျော်လောက်။လောင်းငယ်မလှော်လော်၊

၈၃၄ မှန်ကင်းတလှည့်။ထင်းတလှည့်။

၈၃၅ မျှော့သွေးစမ်းသလို။

၈၃၆ မွေးနေ့ကိုဆောင်လျှင်အောင်သည်။

၈၃၇ မွေးနေ့သောက်ကြာ။ တနင်းလာ၊ ကောသာခုံဖြတ်မပြု
အပ်။

၈၃၈ မြွေပါလည်းဆုံးသားလည်းဆုံး။

၈၃၉ မြွေပူရာကင်းမြှောင့်။

၈၄၀ မြွေပွေးခါးပိုက်ပိုက်။

၈၄၁ မြွေပွေးပိုးထိ။

(ယ)

၈၄၂ ယတြာကောင်းလျှင်။မင်းလောင်းပျောက်ရသည်။

၈၄၃ ယားရာကို။ပျောက်မိသည်။

၈၄၄ ယီးတီးယားတားနှင့်။ငပျားလူပျိုဟှည့်သလို။

၁၄၅ ယက်ကန်းမတတ်လျှင်၊နတ်ကိုယိုးသည်။
၁၄၆ ယင်ကောင်ကို၊ဆင်ပြောင်ဖြစ်အောင် လုပ်၍ပြောသည်။
၁၄၇ ယမ်းပုံထဲမှာ၊ရှားမီးခဲကျသလို။
၁၄၈ ယုန်စကားကြောင့်၊တောသားအားလုံးပျက်ပြုန်းရသည်။
၁၄၉ ယုန်-တောင်ကိုပြေး၊ခွေး-မြောက်ကိုထိုက်။
၁၅၀ ယုန်မရ၊တောမှကြွေစေ။
၁၅၁ ယုန်ဝပ်-ကျောင်းထ။
၁၅၂ ယောက်ကျားကောင်းက၊မောင်းမတထောင်။
၁၅၃ ယောက်ကျားဘယ်ကိုင်မစားနိုင်၊မိန်းမ ဘယ်သုံးအိမ်ထောင်ပြုန်း။
၁၅၄ ယောက်ကျားရန်စစ်၊ဆုတ်နစ်ရ၏၊ မိန်းမရန်စစ်၊ဆုတ်နစ်မရ။
၁၅၅ ယောက်ကျား-ဝါဆို၊ မိန်းမ-ဖြာသို၊( ၎င်းလများတွင် မွေးဘွားလျှင် ကောင်းကျိုးချမ်းသာမင်္ဂလာနှင့်ပြည့်စုံ၏ဟုအမှတ်ပြုကြသည်၊)
၁၅၆ ယောက္ခမနို့ကို-သမက်မစို့ဝံ့သလို။
၁၅၇ ယောက္ခမသေမှန်းသိက၊မြင်းဝယ်၍မစီးရလား၊
၁၅၈ ယောက်ဖယောက်ဖနှင့်၊ပတောက်ကိုနိုက်သည်။
၁၅၉ ယိုင်ယိုင်ညွတ်ညွတ်ပြုရမည့်အမှုမှာ၊ခိုင်ခိုင်မတ်မတ်ပြုချေလျှင်၊ခက်ကြမ်းရာရောက်သည်၊ခိုင်ခိုင်မတ်မတ်ပြုရမည့်အမှုမှာ၊ ယိုင်ယိုင် ညွတ်ညွတ် ပြုချေလျှင်၊ ရှက်လမ်းသာပေါက်တတ်သည်။

---

( ရ )

၁၆၀ ရလေ လိုလေ ဒိုတန္တေ။
၁၆၁ ရသာခိုက်ကိုမယူ၊ထိုက်မိ၊လက်ချည်းရှိသည်။
၁၆၂ ရသာလျှင်၊ဘ-နဖူးမှာသိုက်တူးသည်။
၁၆၃ ရသေ့စိတ်ဖြေ။

၈၆၄ ရဟန်းကျင့်ဝတ်တပါး တတ်က၊ လူနတ်ဦးခိုက်ပူဇော် ထိုက်၏၊(ကိုးခန်းပျို။)

၈၆၅ ရဟန်းကျိုးထက်၊ရှင်ကျိုးခက်သည်။

၈၆၆ ရဟန္တာသော်မှ၊ပမာဒ လေခ၊ဖြစ်ရသေးသည်။

၈၆၇ ရဟန်းသိက္ခာ၊မင်းမှာဘိသိက်၊

၈၆၈ ရာသီမနိုင်-ဆေးမကိုင်နှင့်၊သို့မဟုတ်။ သူငယ်နာမနိုင်၊ ဆေးမကိုင်နှင့်။

၈၆၉ ရေအေးနှင့် သတ်လျှင် လည်း- သေသည်၊ ရေနွေးနှင့် သတ်လျှင်လည်း-သေသည်။

၈၇၀ ရေဦးပေါက်၊ငါးရသည်၊

၈၇၁ ရေကြည်ချမ်းမြ၊ တပေါက်ကျက၊မိဘတို့ဝမ်း။ ငြိမ်းစ စတမ်း။ ၊(ကိုးခန်းပျို)။

၈၇၂ ရေကြည်ရာ၊မြက်နုရာ။

၈၇၃ ရေချိုးလိုသည့်အခါ၊ရေတွင်းထဲသို့ကျသည်၊

၈၇၄ ရေငတ်သူကို၊နေထပ်၍ပူသလို၊

၈၇၅ ရေစီးတခါ၊ရေသာတဖွာည့်။

၈၇၆ ရေစောင်းထက်၊လေစောင်းထက်သည်၊

၈၇၇ ရေဆူရိပ်မမြင်။

၈၇၈ ရေတိမ်တွင်နစ်ရသည်။

၈၇၉ ရေနေဆယ်ကုဋေ၊ကြည်းနေကိုးကုဋေ၊

၈၈၀ ရေနက်ကလည်းနေရ၊ထင်းပက်လည်းစိုက်ရ။

၈၈၁ ရေနက်မှုကား- ထောက်မိအောင် ကြိုးဆေ။ ရေတိမ်မှု ကား-မထောက်မိစေနှင့်။

၈၈၂ ရေနစ်သူကို၊ဝါးကူ၍နှိပ်သလို၊

၈၈၃ ရေ-နိမ့်ရာစီး၊မီး-မြင့်ရာလောင်။

၈၈၄ ရေပြင် ရုပ်ရေး၊

၈၈၅ ရေဘူးနှင့်ဘိနပ်မပါ၊နွေခါမှသိရမည်။ဒါနနှင့်သီလမပါ၊ သေခါမှသိရမည်။

၈၈၆ ရေမနောက်၊ကြာမရှောက်၊ နှစ်ယောက် အကျိုးရှိ၊ ။
(ရေလည်းမနောက်။ကြာမရှောက်သို့။ ။သံဝရပ္ပို)
၈၈၇ ရေမပြည့်သည့်အိုး။ဗေါင်ဗင်ခတ်သည်။
၈၈၈ ရေမြင့်။ကြာမြင့်။
၈၈၉ ရေမှာအဆုံး။ကုန်းမှာထက်ဝက်။
၈၉၀ ရေမှာတထောင်။ကုန်းမှာတကောင်။
၈၉၁ ရေလိုက်-ငါးလိုက်။
၈၉၂ ရေဝယ်ကျောက်ကူး။
၈၉၃ ရဲလျှင်-မင်းဖြစ်
၈၉၄ ရက်စက်မှု။ကြည့်ကွဲသည်၊
၈၉၅ ရင်သွေးဟူကချစ်မဝ။
၈၉၆ ရန်ကိုရန်ချင်း။မတုံ့နှင်းနှင့်။
၈၉၇ ရန်မထိုက။ရန်ငြိမ်သည်၊ရန်ကိုထိုမှရန်ပိုသည်။
၈၉၈ ရန်သူနှိုးထို့ကြက်သီးထသည်၊
၈၉၉ ရယ်ဘွယ်ကားရှေး၊မိန့်ရေးကားနှောင်း။စကားကောင်း
၉၀၀ ရုပ်သေမှ။နံသေသည်။
၉၀၁ ရောင်သွားရာကို။ဆံထုံးပါရသည်။
၉၀၂ ရောင်းသူတဆယ်ဝယ်သူငါးကျပ်။
၉၀၃ ရုံးတလုံး။ထားတစင်း။
၉၀၄ ရှေးကပိပါက်ချနစ်ရက်။ခုကာလပိပါက်နေ့ဝ်ပိုးတက်၊
၉၀၅ ရှားစောင်းစေးတခွက်။ပျားရေတစက်။
၉၀၆ ရှားစောင်းစေးနှင့်။မျက်ချေး။
၉၀၇ ရှက်စနိုး၍။ကျွန်မကိုယိုးသည်။
၉၀၈ ရှင်ကြီးရှင်ငယ်ဝမ်းကိုဝင်ခဲ့။မစင်စော်နံ၍ပြန်ခဲ့သည်။
၉၀၉ ရှင်စည်မယုတ်စေနှင့်။သေသော်မပုပ်စေနှင့်။
၉၁၀ ရှင်ပင်လည်းတင့်။မြို့လည်းမြင့်။
၉၁၁ ရှင်ဘုရင်အတွက်။ငြွက်ကကြောင့်ကြသည်၊
၉၁၂ ရှင်ဘုရင်တခါထွက်။ပဲကြီးတဖော်ကျက်။

၉၁၃ ရှင်ဘုရင်ပုဆိုး။ပိုးချည်း။
၉၁၄ ရှင်ဘုရင်ဘုန်း။မိုးစယ်းသို့ချုန်း။လူပုန်းတောမှာ မနေသာ၊
၉၁၅ ရှဉ့်တကောင်၊မြွေးတစင်း။
၉၁၆ ရှမ်းကြိုက်လျှင်။နွားချောသည်။
၉၁၇ ရှမ်းနှင့်ဆင်၊ထယ်ပြင်ကျမှ-သိရမည်။
၉၁၈ ရွာတွင်မြင်းကျိုး။အသိုးမနက်၊ရွာတွင်မင်းစေ ရွာနေမရှက်။
၉၁၉ ရွာပြည်ကိုမက်၍။မထွက်မရှာလျှင်၊ဥစ္စာညွန့်တုံးသည်၊ မျိုးဆွေကိုမက်၍ရက်ရက်မခွာလျှင်။ ပညာညွှန့်တုံးသည်။ရွှေငွေကိုမက်၍အသက်ကိုမညှာလျှင်။ ခန္ဓာပျက်ပြုန်းသည်-( ကျီးသဲဆရာတော်ဘုရား )
၉၂၀ ရွာသမုတ်လျှင်၊သစ်ငုတ်သော်မှ။ကျားဖြစ်ရသည်၊
၉၂၁ ရွေးတွင်းပိတ်ကျွန်ကို။လုပ်ခွန်ချ၍မတောင်းရရာ။
၉၂၂ ရွေးလွန်းလျှင်လည်းမရ၊သေးလွန်းလျှင်းလည်းမဖွာ။
၉၂၃ ရွှေအကြောင်း၊ဖယောင်းစံချမှ။သိရမည်။
၉၂၄ ရွှေကြိုးကြာ၊အသံမှာသာပေ၏။ဥကချဉ့်ဖှာသည်။
၉၂၅ ရွှေဖှောင်စက္ကူထို။ပါးသည်။
၉၂၆ ရွှေတောင်မှာနား၍။ရွှေကျီးခေါ် ရသလို။
၉၂၇ ရွှေပင်မှာနားရွှေကျေး။ ငွေပင်မှာနား ငွေကျေး-သို့မဟုတ်။ရွှေပင်မှာနားရွှေကျေး။မင်းမွေးမင်းသား။
၉၂၈ ရွှေဘိုးခေါင်၊တောင်ကိုတ။
၉၂၉ ရွှေလသာ၍။ရွှေညာကိုလွမ်းသည်၊

(လ)

၉၃၀ လကိုမစင်နှင့်ကိုင်၍ပစ်သလို။
၉၃၁ လကွယ်သန်းခေါင်။မိုးမှောင်။ဥမင်။
၉၃၂ လသာခိုက်။ဗိုင်းငင့်ထိုက်။
၉၃၃ လါမဥ္စဘား၊အဝေးကရှောင်ကွင်းမှ၊လွတ်ကင်းရာသည်၊

၉၃၄ လာလိုအနီးကလေး။မလာလိုခရီးဝေး။
၉၃၅ လူအ-အိပ်မက်မြင်သလို။
၉၃၆ လူအ-ကျားကိုက်သလို။
၉၃၇ လူအိုပန်းပန်ရသည်။အိမ်အိုကျားကန်ရသည်။
၉၃၈ လူကငွေကိုချစ်မှငွေကလူကိုချစ်သည်။
၉၃၉ လူကိုပင်ယုံသော်လည်း။ကံကိုယုံ၍မရ။
၉၄၀ လူကိုလည်းမယုံနှင့်။ကုန်ကိုလည်းအကြွေးမရောင်းနှင့်။
၉၄၁ လူချင်းပင်တူသော်လည်းအသက်ရှူကွဲသည်။
၉၄၂ လူတကိုယ်ထင်တလုံး။
၉၄၃ လူတန်လျှင်။ကံကိုချသည်။
၉၄၄ လူတို့နောင်တ။နောက်မှရ၊
၉၄၅ လူနာအမဲခြောက်တောင်းသလို။
၉၄၆ လူနေမှာချုံကြား။စိတ်နေမှာဘုံဖျား။
၉၄၇ လူပုစိတ်တို။ခွေးပုရန်လို။
၉၄၈ လူပျင်းလုလ္လတခဏ။လူပျင်းအားကိုးတဟုန်ထိုး။
၉၄၉ လူပျင်း-ဆေးသောက်။နွားပျင်း-သေးပေါက်။
၉၅၀ လူမစွမ်း။နတ်မသည်၊
၉၅၁ လူမစွမ်းကို။ငြိုးမွမ်းလော်လေ။ဖျင်းလေလေ။
၉၅၂ လူမင်းဘုန်းကြီးက။နတ်မင်းမနေပိုင်။
၉၅၃ လူမိုက်ကိုနှိုင်လိုသော်(ဖြားယောင်း-ဝါ-မြှောက်မြှင့်)
၉၅၄ လူမိုက်ခွဲရာ။လူမဲပါသည်။
၉၅၅ လူမိုက်ကိုရှောင်ခွါ။ပညာရှိကိုပေါင်းဘက်။
၉၅၆ လူမိုက်နောက်မှ။အကြံရသည်။
၉၅၇ လူများယောင်လို့ ယောင်ရသည်၊ တောင်မှန်းမြောက်
မှန်းမသိ။
၉၅၈ လူယုံသတ်မှ-သေသည်။
၉၅၉ လူသရောဘေးဓာတ်ထိ။ဌက်သရောနှဲ့ခေါ်မိ။

၉၆၀ လူသာငယ် လူငယ်ဟုတ်ကြီး။ လူသာကြီး လူကြီးပေါ
လော။
၉၆၁ လူ့အလိုကို။နတ်မလိုက်နိုင်။
၉၆၂ လူ့အောက်ကို လျှိုးလျှောင်-ပိ၍မသေနိုင်။တုံးအောက်ကို
လျှိုးလျှောင်သာ-ပိ၍သေတတ်သည်။
၉၆၃ လေကိုဘမ်း၍။ဝါးတန်းချည်သည်။
၉၆၄ လေလာ၍ကျောက်တိုင်မရွေ့။
၉၆၅ လေးကျွန်းလုံးမြောက်။မြင့်မိုရ်ဆောက်သည်။
၉၆၆ လေးထောက်မှ။မြှားထောက်မသည်။
၉၆၇ လေးမတတ်အဲနှင့်။နှံ့ပြီရတ်ကိုမှန်သည်။
၉၆၈ လေးမတတ်သော်လည်းငှက်သေသည်သာ ပဓာန။
၉၆၉ လက်ဦးဆရာမည်ထိုက်စွာသည်။ပုဗ္ဗာစရိယမိနှင့်ဘ။၊
(ကိုးခဏ်းပျို။)
၉၇၀ လက်ကြီးလျှောင်၊ဆင်းရဲသည်။
၉၇၁ လက်ချပ်တွင်းရေကဲ့သို့။သွန်လိုသွန်မှောက်လိုမှောက်၊
၉၇၂ လက်ဆောင်မြင်း။ခံတွင်းနှုရင့်။မရှုသင့်။
၉၇၃ လက်ညှိုးမကောင်းလက်ညှိုး၊လက်မ-မကောင်းလက်မ၊
၉၇၄ လက်တဖြစ်။နွားနို့တညှစ်။
၉၇၅ လက်ပံပင်၊ဆရက်ကျသလို။
၉၇၆ လက်ဘက်ကောင်း-လိုချင်လျှောင်။ပလောင်နှေးစေ။
၉၇၇ လက်ရုံးကောင်း။ကြီးပိုးသည်။
၉၇၈ လက်ရုံးရည်ကောင်း၍သန်မြန်ခြင်းမရှိ။ အမြော်ကောင်း၍
ခွဲခြမ်းစိတ်ဖြာခြင်းမရှိ။
၉၇၉ လက်သည်းဆိတ်လျှောင်။လက်ထိပ်နာသည်။
၉၈၀ လင်ကွာမိန်းမ-တ-သသ။လင်သေမိန်းမ-တ-တတ၊
၉၈၁ လင်ကောင်ပိုးလိုမကြောင်နှင့်။ငါးဟာစ်ကိုလည်း-မအော်
နှင့်။
၉၈၂ လင်နှင့်မယား။စီးတဲ့ရေ။ဆည်တဲ့ကန်သင်း။

၉၈၃ လင်နှင့်မယား။လျှာနှင့်သွား။
၉၈၄ လင်မယား။စကားဥသျှံမပြန်ရာ။
၉၈၅ လင်းတ။မှိုင်းခံသလို။
၉၈၆ လင်းတသောက်။ငှက်တိုင်းထွာသည်။
၉၈၇ လင်းနို့ခွန်တောင်းလျှင်ကြွက်။ ကြွက်ခွန်တောင်းလျှင် လင်းနို့။
၉၈၈ လည်ဘန်များသည့်ဖွာည်းဘီး။မစင်ကိုနင်းမိသည်။
၉၈၉ လမ်းမှာခေါ်။ဈေးမှည့်။
၉၉၀ လယ်ယာအခြောက်တွင်လည်း ပင်လယ်၊ လယ်ယာ အစွတ်တွင်လည်း-စကု။
၉၉၁ လိပ်ခေါင်းလို။ထွက်ချေ-ဝင်ချေပြုသည်။
၉၉၂ လိပ်လို။ရင်ပတ်အောက်သို့။ယက်သွင်းသည်။
၉၉၃ လိမ်စရာမရှိလျှင်။ကိုယ့်ပေါင်ကို ကိုယ်လိမ်သည်။
၉၉၄ လိမ့်လွှန်းစွဲကျောက်။အပွေးမပေါက်။
၉၉၅ လုပ်စားမိုးခေါင်။ခိုးစားခွေးဟောင်။
၉၉၆ လုပ်တုံ-တုသော်တုံးသည်။စားတုံ-တုသော်ပြုန်းသည်။
၉၉၇ လောက်လမ်းသဘွယ်၊ပိညာဉ်တွယ်သည်၊ ။(နေမိ ဘုံခန်းပျို)။
၉၉၈ လိုက်ချင်တဲ့ဆင်။နောက်ကိုဆုတ်သည်။
၉၉၉ လုံးစေ့။ပတ်စေ့။
၁၀၀၀ လျော့လျှင်မိစ္ဆာ။သာလျှင်ဒိဗ္ဗာ။
၁၀၀၁ လှစေလိုလို-သွားကြောင်တိုက်။ရေစိုးကမ်းပြိုလိုက်။
၁၀၀၂ လှေကိုထိုလျှင်လှေနှင့်လိုက်။ငွေကိုလိုလျှင်ငွေနှင့်လိုက်၊
၁၀၀၃ လှေငယ်မလှော်လောက်။မြောင်းငယ် မကျော်လော်၊
၁၀၀၄ လှေမှာအဆင်း။မြင်းမှာအတက်။အလွန်ခက်။
၁၀၀၅ လှော်ကားထက်။နှို-ယာဉ်သည်ခရိုသလို။
၁၀၀၆ လှည်းဦးမော့တော့။ခွေးတွဲလွဲ။
၁၀၀၇ လှည်းနှင့်။ဆင်တွေ့သလို။

၁၀၀၈ လျှောမွေးတကောင်နှင့်။ ဗါရာဏာသိပြည်ကိုဖွဲ့၍ ငိုသည်။

၁၀၀၉ လျှပ်တပြက်။မျက်စိတမှိတ်။

၁၀၁၀ လွှမ်းရေးထက်။ဝမ်းရေးခက်သည်။

---

(ဝ)

၁၀၁၁ ဝ-မရှိဘဲနှင့်။ဝိ-မလုပ်ပါနှင့်။

၁၀၁၂ ဝါဆိုဝါခေါင်။ရေဖောင်ဖောင်။

၁၀၁၃ ဝိနည်းတတ်လျှင်။ကြွက်သတ်နိုင်သည်။

၁၀၁၄ ဝိပါက်အမြီး။ငရဲအမ။သို့မဟုတ်။ဝဋ်ကိုအမြီးငရဲအမ။

၁၀၁၅ ဝါးနားပင်းကို။ရေသွင်း၍မဝင်သလို။

၁၀၁၆ ဝါးလုံးခေါင်းထဲမှာ။လ-သာသည်။

၁၀၁၇ ဝက်နားရွက်လု။

၁၀၁၈ ဝက်ဖြစ်လျှင်။မစင်ကိုမကြောက်နှင့်တော့။

၁၀၁၉ ဝက်မင်း-သိုက်ထွက်။

၁၀၂၀ ဝင်တော့-ခေါင်းမြီးခြုံ၍ဝင်သည်။ ထွက်တော့-စည်တီး၍ထွက်သည်။

၁၀၂၁ ဝန်ကတော်လင်ရ။ဒွန်းအောင်က-ပေါင်ကြွသည်။

၁၀၂၂ ဝန်နှင့်အား။လေးနှင့်မြှား။

၁၀၂၃ ဝန်မတန်သည့်စစ်ကဲ။ထမင်းမတန်သည့်ထမနဲ။

၁၀၂၄ ဝန်ရှိသမျှကို။ သမ္ဗုဒ္ဓ ဘုရားသေဘ်မှ ရှောင်ရှား၍ မလွတ်သာ။

၁၀၂၅ ဝမ်းနှင့်မလွယ်။သားမမယ်။

၁၀၂၆ ဝမ်းဘဲ-ဟင်္သာ။ချောင်းပစ်၍။ မြစ်ရှာ။ ရေသာများ၍ ငါးမတွေ့။အပျိုကညာ။ အဟောင်းပစ်၍ အသစ်ရှာ။နေရာများ၍။ကြားမစေ့။

၁၀၂၇ ဝမ်းသမုဒ္ဒရာ။ဒုဂ္ဂဂိ္ဂါ။

၁၀၂၈ ဝယ်သေဘ်မရောင်း။တောင်းသေဘ်ကားရသည်။

## ( သ )

၁၀၂၉ သတိကင်းမဲ့။ပျင်းရိခဲ့မှု။ကဲ့ရဲ့စရာ။မေ့မှတာ။

၁၀၃၀ သတိကို။မြို့ပြု။

၁၀၃၁ သတိမမူ။ဂူမမြင်။

၁၀၃၂ သတိမမူ။ပျင်းရိသူ။လူဘော်မဝင်။

၁၀၃၃ သဝိတ်လက်စွဲ။ရဟန်းမွဲ။

၁၀၃၄ သဘောနှောက်ကံပါသည်၊

၁၀၃၅ သဘင်အစ။ကျောက်ရစ်က၊

၁၀၃၆ သဘင်ကျူးက။အရူးနှင့်တူသည်။

၁၀၃၇ သမဏောသမဏောချင်း။ဂေါဏောဂေါဏောချင်း။

၁၀၃၈ သမီးကညာအခါမ လင့်သာ။

၁၀၃၉ သမီးကညာရွယ်ရောက်လာအခါမလင့်ပါစေနှင့်၊ အခါလင့်က။အသင့်မရ၊ ယုတ်သောသူနှင့်ညားတတ်စွ။ကိုယ်တွင် ရောဂါကပ်ခဲ့လာ အနာမရင့်ပါစေနှင့်။အနာရင့်က၊ လွတ်ခွင့်မရ။ သက်နှင့်အမျှ၊ ရှိတတ်စွ။(ကျီးသဲဆရာတော်)

၁၀၄၀ သမီးကောင်း သွီးကောင်းနှင့်။ ယောင်းမကိုမြင်း စိုင်းသည်။

၁၀၄၁ သမီးမွေး။သမက်စေရသည်။

၁၀၄၂ သမားကောင်းလက်သုံးကိုင်ကာ။ရွှေနေကောင်းဖျင်လက်ပင့်ကာ။

၁၀၄၃ သမားယောင်-မောင်းထောင်။

၁၀၄၄ သမက်ကို။သူခိုးမှတ်သည်။

၁၀၄၅ သမင်မွေးရင်း။ကျားစားရင်း။

၁၀၄၆ သရဲ့ရှာဝမ်းတထွာ။

၁၀၄၇ သားရေပေါ်မှာနေ။ သားရေနားကိုစားသော ခွေးနှင့်တူသည်။

၁၀၄၈ သားပေါင်း-ညာစား။

၁၀၄၉ သိသာသိစေ မမြင်စေနှင့်။

၁၀၅၀ သူကောင်းသေသောက်။

၁၀၅၁ သူကောင်း သားကား ယဉ်ပါးသည်။ သူယုတ်သား ကားရမ်းကားသည်။

၁၀၅၂ သူကောင်းသားလည်းအထားကောင်းလျက်အပေါင်း ဖျက်သည်၊

၁၀၅၃ သူခိုးကာ၊လူပါစ်သည်။

၁၀၅၄ သူခိုးကို။ထားရိုးကမ်းသည်။

၁၀၅၅ သူခိုးခိုးသော်နောင်ကြွင်းရ၏။မီးလောင်သော် နောင် ကြွင်းမရ။ ရုံ. ဘုံ

၁၀၅၆ သူခိုးပြေးမှ။ဆေးကြောင်ထသည်။

၁၀၅၇ သူခိုးသေဘော်ညှိ။

၁၀၅၈ သူငယ်ချင်းမင်းဖြစ်။

၁၀၅၉ သူစိမ်းချစ်တွာဆို။ဆွေမျိုးရန်းသလောက်သာ ရှိသည်။

၁၀၆၀ သူတော်ကောင်းကို။နှုတ်ကောင်းမသည်။

၁၀၆၁ သူတော်ကောင်းတို့ဥစ္စာ။ရေမှာပစ်လည်း မနစ်။မီးမှာ ပစ်လည်းမချစ်။

၁၀၆၂ သူတော်ကောင်း။မကောင်းကြံမိ။ဘေးဒါဏ်ဝိ၊

၁၀၆၃ သူမိုက် အလှူပေးပါမူလည်း။ ရှယ်ချူဖိုလ်မင်္ဂ။ မပန် နက်ကာ။ မှာဘက်ဝယ်သာ။ ကြည်လည်ရှာ။ ။ ပါရမီတော်ခဏ်းပျို။

၁၀၆၄ သူမှတ်ကိုလည်းမပြင်းနှင့်။လူတတ်ကိုလည်းမတင်းနှင့်။

၁၀၆၅ သူသေငါပို၊

၁၀၆၆ သူယုတ်တို့အကျင့်အကြံသည် ခွေးနှင့်တူသည်၊ သူ တော်ကောင်းပညာရှိတို့အမျိုးသည်။ ကျီးနှင့် တူ သည်။

၁၀၆၇ သူ့အိမ် ထက်ဝယ်။ သမက် သဘွယ်၊ မျက်နှာငယ် သည်။

၁၀၆၈ သူ့ကိုနိုင်လို။ဆ-ကိုခို။

၁၀၆၉ သူ့ကိုဖျက်က။ကိုယ်ပျက်သည်၊

၁၀၇၀ သူ့ကိုမကောင်းကြံက၊ ကိုယ်မှာ မကောင်း ရောက်သည်။

၁၀၇၁ သူ့ကိုမနာလိုက။ ကိုယ်အကျိုးမရှိ။သို့မဟုတ်။ သူတပါးကိုမထိုက။ကိုယ်အကျိုးမရ။

၁၀၇၂ သူ့ကိုယုံ၍ကြံ့စားသည်။

၁၀၇၃ သူ့စိတ်ကိုထို၊ကိုယ့်စိတ်နှင့်နှိုင်း၊ကိုယ်နှင့်နှိုင်း၊မရှိုင်း

၁၀၇၄ သူ့လူ-ငါ့ဘက်သား။

၁၀၇၅ သူ့လက်လာ၍ငါ့လက်တွေ့သည်။

၁၀၇၆ သူ့သဘောကိုထိုက်လျော်ညီထွေသိတတ်စေ။

၁၀၇၇ သူ့ဟာကိုယုံ၍ဝက်မွေးသည်။

၁၀၇၈ သေအရက်ကြောင့်။ပြည်ပျက်သည်။

၁၀၇၉ သေကံမရောက်သက်မပျော်၊

၁၀၈၀ သေချာမှရေရာသည်။

၁၀၈၁ သေချင် သေဘ်လည်းမသေရ။ မသေချင်သေဘ်ဆည်း မနေရ။

၁၀၈၂ သေလျှင်ဆုံး-လောင်လျှင်တုံး။

၁၀၈၃ သေချင်းပေါင်း၊ရှင်ချင်းပေါင်း၊

၁၀၈၄ သေတနေ့။မွေးတနေ့။

၁၀၈၅ သေ တူရှင်ဘက်၊

၁၀၈၆ သေသူပေးက။ရှင်သူရသည်။

၁၀၈၇ သေသောသူကိုကြာလျှင်မေ့။ ပျောက်သောသူကိုကြာလျှင်တွေ့။

၁၀၈၈ သဲကမ်းရေ၄ေ့။

၁၀၈၉ သဲရေကျ၊

၁၀၉၀ သံကိုကြွက်စား။သားကိုခွန်ချီ၊

၁၀၉၁ သံကိုရေနှူး။

၁၀၉၂ သံကိုသံဖျက်။သံချေးတက်။ကိုယ့်ကိုယ် ကိုယ်ဖျက်၊ ကိုယ်ရေးပျက်၊
၁၀၉၃ သံပုရာသီးမျိုး။ကြီးလေချဉ်လေ။
၁၀၉၄ သံသရာကြွေး မပြေသေး။ ချမ်းနေပြဲ့ဘုန်းမရောက်တန်း
၁၀၉၅ သားဦးရို့ရှူးသည်။
၁၀၉၆ သား ကောင်းလျှင်။ မိဘမှာ အကျိုးတက်မြောက်ရသည်။သားဆိုးလျှင်မိဘမှာ တန်ခိုး ပျက်ပျောက်ရသည်။
၁၀၉၇ သားကိုချစ်က။အနှစ်နှစ်ဆယ်၊
၁၀၉၈ သားကိုချစ်က။မစ်ရမည်။
၁၀၉၉ သားကိုငယ်ကမဆုံးမှုမူ။ မိဘတလည်း။ ရန်သူမည်၏။ (အငယ်တည်းက။မဆုံးမသည်။မိဘတလည်း။ရန်သူမည်၏။ ။သံဝရပျို)
၁၁၀၀ သားကိုယိုး၍ထမနဲ့တစီးတုန်သည်။
၁၁၀၁ သားကြီးလျှင်။အဘ လက်တော့က်ရသည်။ ဆွဲးကြီးလျှင်အမိမျက်နှာထွဲရသည်။
၁၁၀၂ သားလည်းမသိ။ သမီးမရ။ အိုရွယ်ကျသော်။ ဒုက္ခချင့်မှာ မဖုံးထား။ ဓမ္မသတ်တရေး မသင် ကြားသော် တရားဆိုခါ မရှုံးထား။ ကျွန်ပင် ဖြစ်ခြား။ ဝတ်စါးမပေး။ဆဲရေးဟုန်းဝါး၊ဆိုဖြည့်များသော် ရှောင်ရှားသွေခါမပုန်းလား။ (ကျီးသဲဆရာတော်)
၁၁၀၃ သားထိုတုန်းလင်သွေးသည်၊လင်ထိုတုန်း နှားပဲ့သည်။
၁၁၀၄ သားဆိုးမကောင်းမိဘခေါင်း။တပည့်မကောင်းဆရာခေါင်း။
၁၁၀၅ သက်ကြီးစကား။သက်ငယ်ကြား။
၁၁၀၆ သက်သေဌါးကို။တရားမအောင်စေရာ။
၁၁၀၇ သက်သေပင်ကြီးသော်ထည်း။မထိုးစေရာ။

၁၁၀၈ သက်သေမညီ၊ကိုယ်စီတရား၊စကားကိုလည်း၊တရား
မအောင်စေရာ။
၁၁၀၉ သဃ်ာအားကိုး၊ဘုရားမဆန်သာ၊
၁၁၁၀ သင်တုန်းသွားထက်၊ပျားရည်စက်ထို။
၁၁၁၁ သဘော်ာ တည်မည့် ကြီလျှင်၊ မယ်နကို ကြောက်ထို့
မဖြစ်။
၁၁၁၂ သင်းခွေချပ်ခေါ်၊တော်မထူးနှင့်။
၁၁၁၃ သစ်ဇုတ်မြင့်တုံ၊မြက်မြင့်တုံ။
၁၁၁၄ သစ္စာနှုတ်သီး၊မတ္တာ်ုင်ကြီး၊
၁၁၁၅ သစ္စာသုံး သောကြောင့်၊ ငုံးမင်း-ငါးရံ့မင်းတို့၊ ချက်
ခြင်းမျက်မှောက်၊အကျိုးရောက်သည်။
၁၁၁၆ သစ္စာသွေး၍၊စေတီယမင်းကို၊မြေမြို့သည်။
၁၁၁၇ သစ်တပင်ရင်း၊ငါးတပင်အောက်။
၁၁၁၈ သစ်ထီး၊လေညှဉ်း၊
၁၁၁၉ သစ်နှစ်ဘက်ကြား၊ဝါးညှပ်၊
၁၁၂၀ သစ်မရခင်၊ဝါး-ပေါင်းကွတ်တင်၊
၁၁၂၁ သစ်မှာအများ၊ငါးကားအရင်း၊
၁၁၂၂ သစ်သီးပိုင်းဖြတ်၊မစားအပ်၊
၁၁၂၃×သည်ပုတ်ထဲကား၊သည်ပဲ၊
၁၁၂၄×သည်ယုန်ကိုမြင်၍၊သည်ချုံကိုထွင်သည်။
၁၁၂၅× သည်းညည်းခံ၊နိဗ္ဗာန်ရောက်၊
၁၁၂၆ သဒ္ဒါကိုးခေါက်၊စာပြီးပျောက်၊
၁၁၂၇ သဒ္ဒါ တတ်လျှင်ခေတ္တ၊ အဘိဓမ္မာ တတ်လျှင် ပြေ၊
ပိနည်းတတ်လျှင်ကြေ၊
၁၁၂၈ သဒ္ဒါမတတ်၊စာမတတ်၊
၁၁၂၉ သဒ္ဒါလွှန်သော်တဏှာဖြစ်သည်၊ တဏှာ လွှန်သော်
ဘယာဖြစ်သည်။
၁၁၃၀ သန်းခေါင်ထက်၊ညည့်မနက်၊

၁၁၃၁ သောက်ကြာကြယ်ကြီး လှနှင့်နီး၊ ပြည်ကြီးကယောင် ကယင်ဖြစ်တတ်သည်။

၁၁၃၂ သောက်ကြာရေကြောင်းမသွားကောင်း။

၁၁၃၃ သောက်ကြာလေမျိုးစကားဆိုး။

၁၁၃၄ သောက်သောက်စားစားလူ့ခွေးကို။ မယား ဆိုပြည့်ဆဲ။ မသောက်မစား။ လူမင်းသားကို။ မယားရှိသေမြဲ၊

၁၁၃၅ သိုက်စာဘတ်ရေနားထောင်ပါ။ ဥစ္စာရနိုးနိုး။

၁၁၃၆ သုံးကျောင်းပြောင်းသောရှင်။ သုံးဆင်ကွာသောမိန်းမ၊

၁၁၃၇ သုံးတောင်ဝတ်မိန်းမသား၊ အတောင်နှစ်ဆယ်ဝတ် ယောက်ျား။

၁၁၃၈ သွားလျှင်အရိပ်နှင့်။ ပြောလျှင်အဖြတ်နှင့်။

---

( ဟ )

၁၁၃၉ ဟင်းတခွက်မှာ။ မောင်တော်ကချို။

၁၁၄၀ ဟင်းရေပူလာလျှင်။ လျှာကိုမလွှဲနိုင်။

၁၁၄၁ ဟင်းရေပေါ်။ ဟင်းခွက်စင်။

၁၁၄၂ ဟုတ်မှန်သောစကားကိုဆိုလျှက်။ ခံသူမကြိုက်က အဖြစ်ရောက်ရသည်၊ မဟုတ်မမှန်သော စကားကို ဆိုစေမူလည်း ခံသူကြိုက်က အကျိုးဖြစ်မြဲရသည်။

၁၁၄၃ ပေါင်လွှန်းသောခွေး။ လှေမလေး။

မြန်မာစကားပုံချုပ်-ပြီး၏။

## ဆေးအမျိုးမျိုး ရောင်းရန်ရှိကြောင်း။

မန္တလေးမြို့၊မြန်မာသမားတော်တို့

ဆေးတိုက် ကြီးတွင်၊ ဆေး အမျိုးပေါင်း ( ၁၀၀ ) ကျော်မျှ၊ ဘော်လုပ်ရောင်းချလျက်ရှိရာ။ပွဲကပ်သောရောဂါဝေဒနာအမျိုးမျိုးပျောက်ကင်းချမ်းသာကြသဖြင့်။တနေ့ကခြား-တလတပါး။မှိဝဲအသုံးပြုသူတိုးပွါးသည့်အတွက်၊ တလလျှင်-လေမျိုး-၈၀ ဆေးလုံးပေါင်း တသိန်းမက။ ခေါင်းကိုက်ဆေးထုပ်ပေါင်းတသောင်းမက၊ပိုးယပ်နုလာဆေးရည်ပုလင်းပေါင်း ငါးရာမက။ ပရုပ်ဆီလိမ်းဆေး၊ သုခဗလ-ကတိုးနှာဆေး၊အာယုဝဍ္ဎနလေဆေး။ မဟာအတုလ ဇီဝက သွေးဆေးကြီး။လေချိုးရှစ်ဆယ်ဆေးခညီ။အဖျားဖြတ်ဆေးထုပ်စသော၊ပွဲတွေ့အကဲတွေ့ဆေးပေါင်း။များစွာ၊တွင်ကျန်ရောင်းချရပါသည်။ဆေးအဘိုးနှုန်းစာ ဒရုပ်။ဆေးတိုက်လိပ်စာ-မုံနှိပ်ပြီးစာဆိတ်များကိုလည်း။အဘိုးအခမရှိ ပေးပို့ဝေ ပါသည်။ ( မန္တလေးမြို့ လက်ဝါးတံဆိပ် မြန်မာသမားတော်တို့ဆေးတိုက်ကြီးသို့ပေးမို့ရန် )ဟုစာဆိတ်တွင်။ မြန်မာထို-လိပ်တပ်ရေးသား စာတိုက်က၊ထည့်သွင်းမှာထားလျှင်။အလွယ်ဘကူရေခံနိုင်ပါသည်။( လက်ဝါးတံဆိပ် ) မပါလျှင်၊မြန်မာသမားတော်တို့ဆေးတိုက်ကြီးက၊ ဆေးအစစ်အမှန် မဟုတ်ကြောင်း၊ကောင်းစွာ-သတိပြုတော်မူကြပါ။ မြန်မာပြည်ရှိ-မြို့ကြီးများတွင်။ ကျွန်ုပ်တို့ ဆေးတိုက်ကိုယ်စလယ်ပေါင်း(၅၀၀)ကျော်မျှထားရှိပါသည်။ ရောဂါဝေဒနာဖြစ်ပွါးခြင်း အကြောင်းအရာ-အညွှန်မှတ်ဖွဲ့ရှိများကို၊ ရုံလင်စွာရေးသားပေးပို့ပါလျှင်။စဥ်းစားဆင်ခြင်၍၊ သင့်လျော်မည့်ဆေးများကို၊ ရွေးချယ် ပေးပို့ပါမည်၊ ကြေးနန်းရိုက်ကြား မှာထားလိုသူတို့မှာ၊ (သမားတော်-မန္တလေး) ( Thamadaw Mandalay ) ငင်းလိပ်စာ စကား-၂-ခွန်းကိုသာအသုံးပြုပါ။

pdf creator - Wanna Soe